# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 April 2023 ၁၁၀၅၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူသားတိုင်းသည် အသက်အရွယ်မရွေး နွေးထွေးကြင်နာမှုကို လိုလားကြပြီး အထူးသဖြင့် ဘိုးဘွားများကဲ့သို့ အသက်အရွယ်ကြီးရင့်သူများကို ကြင်နာနွေးထွေးစွာ နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား ဘိုးဘွားရိပ်သာဓမ္မာရုံ၌ ဘိုးဘွားရိပ်သာကော်မတီ ဥက္ကဋ္ဌ ဦးရွှေထွန်းအောင်က ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ၏ အချက်အလက်များနှင့် သမိုင်းအကျဉ်း၊ ဘိုးဘွားများ၏ စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာများကို စောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိမှု၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးအဘိုးတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

## ယနေ့ ဖတ်စရာ


**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ)**

ဆောင်းပါး စာမျက်နှာ » ၁၀

**မြင့်မြတ်စိတ်ထား နှလုံးသား အလှပိုင်ရှင်များ**

ဆောင်းပါး စာမျက်နှာ » ၂၁

**ပြင်သစ်သမ္မတ မက်ခရွန်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဧပြီ ၆ ရက်တွင် တွေ့ဆုံမည်**



စာမျက်နှာ » ၁၃

**မန္တလေးမြို့တော် မဟာသင်္ကြန် မဏ္ဍပ်ကို ကျောင်းသူအင်အား ၅၀၀ နှင့် ယိမ်းအကအဖွဲ့ အပါအဝင် စုစုပေါင်းအင်အား ၉၀၀ ကျော်ဖြင့် ဖွင့်လှစ်မည်**

စာမျက်နှာ » ၁၇

ကြေးမုံ

# လူမှုစီးပွားဘဝ အဆင်ပြေစေရေး စီမံကိန်းများအကောင်အထည်ဖော်

လျှပ်စစ်သည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံးအရာဖြစ်သည်။ လျှပ်စစ်ဖြင့် လောကသစ်ကိုတည်ဆောက်နိုင်ပြီး လျှပ်စစ်မရှိလျှင် အမှောင်အတိကျ၍ အကျည်းတန်သောဘဝတွင် နေရသလိုဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်တိုးပွားလာသောလူဦးရေနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမှုတို့ကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များလာသည်။ လျှပ်စစ်ကဏ္ဍတွင် အခက်အခဲများရှိ၍ ဝန်နှင့်အားမျှတမှုရှိစေရေးအတွက် ထိန်းညှိမောင်းနှင်ရသည်။ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းကို အပိုင်းအလိုက်၊ အချိန်အလိုက် အချိုးကျဆောင်ရွက်နေသည်ကိုတွေ့ရသည်။

ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ယမန်နှစ်က ထုတ်လုပ်မှုအနေဖြင့် ရေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ၆၆၇ ဒသမ ၈ မဂ္ဂါဝပ်ခန့်၊ ဓာတ်ငွေ့သုံး အပူစွမ်းအင်ဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများမှ ၁၅၀၀ ဒသမ ၃ မဂ္ဂါဝပ်ခန့်နှင့် ဒီဇယ်ဓာတ်အားပေးစက်ရုံများမှ ၈ ဒသမ ၉ မဂ္ဂါဝပ်ခန့် စုစုပေါင်း ၂၁၇၇ မဂ္ဂါဝပ်ခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ထုတ်လွှတ်ပေးခဲ့ပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများကို တစ်နိုင်ငံလုံးမှ တစ်ရက်ပျမ်းမျှသုံးစွဲမှုအနေဖြင့် နေ့ဘက်တွင် အများဆုံး မဂ္ဂါဝပ် ၃၄၀၀ ခန့်၊ ညဘက်တွင် အများဆုံး မဂ္ဂါဝပ် ၃၆၀၀ ခန့်ရှိပြီး တစ်ရက်တာပျမ်းမျှဓာတ်အားသုံးစွဲမှုမှာ မဂ္ဂါဝပ် ၂၆၀၀ ခန့်သုံးစွဲခဲ့သည်။

သို့သော် အများဆုံးထုတ်လုပ်သည့် ဓာတ်ငွေ့အပူသုံး ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုမဂ္ဂါဝပ်များအနက် အချို့လျှပ်စစ်ကဏ္ဍများမှာ ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်နေသဖြင့် ရပ်တန့်ထားရခြင်း၊ ဘီလူးချောင်း၊ တီကျစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သည့် ဓာတ်အားလိုင်းအချို့ကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးယူ၍ ပြင်ဆင်ဆောင်ရွက်နေရခြင်းတို့ကြောင့် နိုင်ငံတော်ဓာတ်အားလိုင်းစနစ်သို့ ပုံမှန်ပို့လွှတ်လျက်ရှိသော ဓာတ်အားအချို့ ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဓာတ်အားပြတ်တောက်မှုများရှိနေပြီး ဓာတ်အားလျော့နည်းလာသောကြောင့် ဝန်အားထိန်းညှိခြင်း ဆောင်ရွက်ရသဖြင့် အလှည့်ကျဓာတ်အားပေးစနစ်ဖြစ်ပေါ်လာသည်ကို ယနေ့ကြုံတွေ့နေရသည်။

ပြည်သူလူထုအနေဖြင့် နေ့စဉ်လူမှုဘဝ၌ လျှပ်စစ်ကို မရှိမဖြစ်လိုအပ်နေသည်။ လျှပ်စစ်ဓာတ်အား အချိန်ပိုင်းပြတ်တောက်ခြင်းနှင့်ပတ်သက်၍ အခက်အခဲများရှိနိုင်ပေသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းအပိုင်း၌ အကြောင်းအမျိုးမျိုးဖြင့် အခက်အခဲများရှိနေသဖြင့် လတ်တလောတွင် အချိန်ပိုင်းဖြတ်တောက်နေရသော်လည်း အနာဂတ်တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် လေအားနှင့်အသေးစား ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာတို့ကို ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများရှိလာသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည့်ခရီးစဉ်အတွင်း ရေအားလျှပ်စစ်ကဏ္ဍတွင် အသေးစားစီမံကိန်းများနှင့် အကြီးစားရေအားလျှပ်စစ်စီမံကိန်းများအပြင် လေအားလျှပ်စစ်ကဏ္ဍကိုလည်း နိုင်ငံတစ်ဝန်းရှိ ဇုန်ခြောက်ခုတို့၌ စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် ၈၀၀၀ ကျော်အထိ တင်ဒါခေါ်ယူမည့်အစီအစဉ်များနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်နိုင်ကြောင်း အသိပေးနိုင်ခဲ့သည်။ ယင်းစီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် ပုပ္ပါးဒေသ၌ မဂ္ဂါဝပ် ၂၀၀၊ မင်းလှဒေသ၌ ၁၁၆ မဂ္ဂါဝပ်နှင့် မင်းတုန်းဒေသ၌ ၅၆ မဂ္ဂါဝပ်တို့အတွက် လာရောက်တင်ပြသဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အပူစွမ်းအင်သုံးစီမံကိန်းများနှင့်ပတ်သက်၍ လာမည့်ဇွန်လတွင် ဆောင်ရွက်နိုင်မည့်အစီအစဉ်များရှိသည်။ ရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်၍ ၂၀ မဂ္ဂါဝပ် ထွက်ရှိနိုင်မည့် အစီအစဉ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။ အသေးစားလျှပ်စစ်ဓာတ်အား တစ်မဂ္ဂါဝပ်အောက် ထုတ်လုပ်နိုင်သော စက်ပစ္စည်းများ အသင့်ရှိနေသည်။ ယခုဆောင်ရွက်မည့် လေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပြင် ပြည်သူများဝင်ရောက်လေ့လာနိုင်သည့် အစီအစဉ်များလည်းရှိသည်။ ပူတာအိုဒေသတွင် အသေးစားရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်နိုင်သဖြင့် ရင်းနှီးမြှုပ်နှံမှုများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားပေးဝေရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ပြီး ပြည်သူများလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို လာမည့်ကာလတွင် လျင်မြန်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ပဥ္စမနေ့ ကျင်းပ

**နေပြည်တော် မေ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (ပဥ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေစာရင်းသွင်း ၃၀၉၇၄ ပါး/ဦး အနက် ၂၅၂၁၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၄၂ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ကလေးမြို့၌ ပါဠိပထမပြန်ပထမကြီး၊ ပထမလတ်နှင့် ပထမငယ်တန်းစာမေးပွဲများ ဆက်လက်ဖြေဆို

**ကလေး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စကားလှဘုန်းတော်ကြီးကျောင်း မြို့မဓမ္မဗိမာန်တော်ကြီးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပါဠိပထမပြန် ပထမကြီး၊ ပထမလတ်နှင့် ပထမငယ်တန်းစာမေးပွဲများကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ ပါဠိပထမပြန် ပထမကြီး၊ ပထမလတ်နှင့် ပထမငယ်တန်းစာမေးပွဲများ(ယမိုက်ထက် ငါးကျမ်း၊ ယမိုက်အောက် ငါးကျမ်း) ဘာသာပြန်ဘာသာရပ်များကို ဖြေဆိုရန်အတွက် ရဟန်း ၅၂ ပါး၊ သာမဏေ ၈၈ ပါး၊ သီလရှင် ၁၉ ပါး စုစုပေါင်း ၁၅၉ ပါးစာရင်းပေးသွင်းခဲ့ရာတွင် စာမေးပွဲဖြေဆိုရာသို့ ရဟန်း ၄၈ ပါး၊ သာမဏေ ၈၀ နှင့် သီလရှင် ၁၈ ပါး စုစုပေါင်း ၁၄၆ ပါး လာရောက်ဖြေဆိုခဲ့ကြပြီး ပါဠိပထမပြန်စာမေးပွဲများကို ဧပြီလ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**ကူညီဆောင်ရွက်ပေး**

စာမေးပွဲဖြေဆိုကြသည့် သံဃာတော်များနှင့် သီလရှင်များ အေးချမ်းသာယာစွာ ဖြေဆိုနိုင်ရန်အတွက် ထေရ်ကြီးဝါကြီး ဆရာတော်များက အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းများ၊ စေတနာရှင်များက ဆွမ်းဘောဇဉ်နှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုဃ်းကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ဘုန်းဘုရားကျောင်းတိုက်၊ တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒ ပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံးကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာဂန္ဓဝင်အုန်းတောကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မတ္တရာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်



မြို့နယ်ရှိ ပြည်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ညောင်တုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအား နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဘိုးဘွားရိပ်သာအတွက် အလှူရှင်များက လှူဒါန်းလျက်ရှိသကဲ့သို့ နိုင်ငံတော်မှလည်း နှစ်စဉ်ထောက်ပံ့လှူဒါန်းပေးလျက်ရှိမှု၊ ဘိုးဘွားရိပ်သာတွင် ဂိလာနအဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ဘိုးဘွားရိပ်သာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဘိုးဘွားများ၏ ကျန်းမာရေး၊ နေထိုင်ရေးနှင့် စားသောက်နေထိုင်ရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဗုဒ္ဓဘာသာတွင်သာမက အခြားဘာသာများတွင်လည်း မိမိတို့ထက် အသက်အရွယ်ကြီးရင့်သူများကို ပြုစုစောင့်ရှောက်ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဘိုးဘွားများကို စောင့်ရှောက်လျက်ရှိသူများအနေဖြင့် ဘိုးဘွားများ ကိုယ်စိတ်နှလုံးရွှင်လန်းစွာဖြင့် နေထိုင်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘိုးဘွားများအနေဖြင့်လည်း မိမိတို့ဘဝအတွက် အကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီဟု နှလုံးသွင်းပြီး ကုသိုလ်ဘာဝနာများ ပွားများ၍ စိတ်နှလုံးရွှင်လန်းစွာဖြင့် နေထိုင်နိုင်ရန်လိုကြောင်း၊ လူသားတိုင်းသည် အသက်အရွယ်မရွေး နွေးထွေးကြင်နာမှုကို လိုလားကြကြောင်း၊ အထူးသဖြင့် ဘိုးဘွားများကဲ့သို့ အသက်အရွယ်ကြီးရင့်သူများကို နွေးထွေးစွာဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာမှသာ ကိုယ်ကျန်းမာမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ယခုကဲ့သို့ ဘိုးဘွားများကို ကျန်းမာစွာဖြင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုထက်အသက်ရှည်ကျန်းမာစွာဖြင့် နေထိုင်နိုင်ကြစေရန် ဂါရဝပြုဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ဦးချင်း လက်ရောက်ဂါရဝပြု ပေးအပ်လှူဒါန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားသည်။ ဆက်လက်ပြီး တက်ရောက်လာကြသည့်အဖွဲ့ဝင်များနှင့် ဇနီးများကလည်း သက်ကြီးဘိုးဘွားများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိုးအဘွားများကိုယ်စား အသက် ၉၃ နှစ်ရှိ အဘွား ဒေါ်မစောခိုင်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျလာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် ဆုမွန်ကောင်းစကားများ ပြန်လည်ပြောကြားသည်။

**မှတ်တမ်းတင်လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာအတွင်းရှိ စားရိပ်သာနှင့် ဘိုးဘွားအိပ်ဆောင်များအတွင်း လှည့်လည်ကြည့်ရှု၍ ဘိုးဘွားများ စိတ်အေးချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများကိုမှာကြားကာ ကျန်းမာရေးအခက်အခဲကြောင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သက်ကြီးဘိုးဘွားများအတွက် စုပေါင်းအလှူငွေများကို ပေးအပ်ရာ ရိပ်သာကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာကို ၁၉၈၄ ခုနှစ်တွင် သင်္ဂနက်ကျေးရွာ၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် စစ်တွေမြို့ မေယုလမ်း ညဝတီ(က)ရပ်ကွက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရိပ်သာတွင် အဘိုးကိုးဦး၊ အဘွား ၃၂ ဦးတို့ကို ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး အသက်အကြီးဆုံးအဘွားမှာ ၉၃ နှစ်ဖြစ်ပြီး အသက်အကြီးဆုံးအဘိုးမှာ ၈၆ နှစ်ဖြစ်ကြောင်းနှင့် ဘိုးဘွားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ဗုဒ္ဓဘာသာတွင်သာမက အခြားဘာသာများတွင်လည်း မိမိတို့ထက် အသက်အရွယ်ကြီးရင့်သူများကို ပြုစုစောင့်ရှောက်ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်**

☆ **ဘိုးဘွားများကို စောင့်ရှောက်လျက်ရှိသူများအနေဖြင့် ဘိုးဘွားများ ကိုယ်စိတ်နှလုံးရွှင်လန်းစွာဖြင့် နေထိုင်စေရေး ဆောင်ရွက်ပေးရန်လို**

☆ **ဘိုးဘွားများအနေဖြင့်လည်း မိမိတို့ဘဝအတွက် အကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီဟု နှလုံးသွင်းပြီး ကုသိုလ်ဘာဝနာများ ပွားများ၍ စိတ်နှလုံးရွှင်လန်းစွာဖြင့် နေထိုင်နိုင်ရန်လို**

☆ **လူသားတိုင်းသည် အသက်အရွယ်မရွေး နွေးထွေးကြင်နာမှုကို လိုလားကြကြောင်း၊ အထူးသဖြင့် ဘိုးဘွားများကဲ့သို့ အသက်အရွယ်ကြီးရင့်သူများကို နွေးထွေးစွာဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်**

# လေယာဉ်ကွင်းများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်ပြေးလမ်းများကို ရေရှည်အတွက် မျှော်တွေးပြီး စနစ်တကျ တွက်ချက်ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများအဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မေ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စစ်တွေလေဆိပ် ဧည့်ခန်းမဆောင်၌ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများက စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲလေယာဉ်ကွင်းများ၏ သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ လေယာဉ်များ ဆင်းသက်နိုင်မှု၊ လေဆိပ်ဆိုင်ရာအချက်အလက်များ၊ လေဆိပ်အထောက်အကူပြု စက်ကိရိယာများနှင့် လေကြောင်းဆက်သွယ်ရေးစက်များ တပ်ဆင်ထားမှု၊ လုံခြုံရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ လေယာဉ်ပြေးလမ်းများနှင့် လေဆိပ်များ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများ အဆင့်လိုက်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေယာဉ်ကွင်းများသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေယာဉ်ကွင်းများ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်ပြေးလမ်းများကို ရေရှည်အတွက် မျှော်တွေးပြီး စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ လေယာဉ်ပြေးလမ်းများ တိုးချဲ့အဆင့်မြှင့်တင်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိအောင် တည်ဆောက်ရန်လိုကြောင်း၊ လေယာဉ်ရပ်နားရန်နေရာများ တည်ဆောက်ရာတွင်လည်း စနစ်တကျ တည်ဆောက်ရန်လိုကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် နောင်အချိန်တွင် ဆိပ်ကမ်းစက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်သွယ်မှုများပါမြင့်တက်လာနိုင်ခြင်းကြောင့် နိုင်ငံခြားခရီးသွားများလည်း ပိုမိုဝင်ရောက်လာနိုင်ပြီး ကုန်တင်လေယာဉ်ကြီးများပါ ဝင်ရောက်လာနိုင်သဖြင့် လေယာဉ်ပြေးလမ်း တိုးချဲ့ရာ၌ ယင်းအတွက်လည်း မျှော်မှန်းဆောင်ရွက်သွားရန်လိုကြောင်း။

## အဆင့်လိုက် ဦးစားပေးဆောင်ရွက်

စစ်တွေလေယာဉ်ကွင်းသည် ပြည်နယ်၏ မြို့တော်ကွင်းဖြစ်ကြောင်း၊ ထို့ကြောင့် A-320၊ B-737 စသည့် လေယာဉ်များ ဆင်းသက်နိုင်မည့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းနှင့် လေဆိပ်တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို အဆင့်လိုက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ သံတွဲလေယာဉ်ကွင်းသည်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ရောက်မှုများပြားသည့်အတွက် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ပြည်တွင်းလေကြောင်း ပြေးဆွဲမှုများကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် နည်းတူ မိမိတို့နိုင်ငံတွင်လည်း ပြည်တွင်းလေကြောင်းပြေးဆွဲမှု အဆင့်မြှင့်တင်တိုးတက်စေရေး ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းခရီးသွားလာမှုကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

## ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေလေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကိုကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

> ❖ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် နောင်အချိန်တွင် ဆိပ်ကမ်းစက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်သွယ်မှုများပါ မြင့်တက်လာနိုင်ခြင်းကြောင့် နိုင်ငံခြားခရီးသွားများလည်း ပိုမိုဝင်ရောက်လာနိုင်ပြီး ကုန်တင်လေယာဉ်ကြီးများပါ ဝင်ရောက်လာနိုင်သဖြင့် လေယာဉ်ပြေးလမ်းတိုးချဲ့ရာ၌ ယင်းအတွက်လည်း မျှော်မှန်းဆောင်ရွက်သွားရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေလေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်း သရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေး

## သင်တန်းတွင် အားကစားနည်း ၁၆ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းသား သင်တန်းသူ ၁၈၂၀ တက်ရောက်သင်ကြားလျက်ရှိ

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစားသင်တန်း သရုပ်ပြလေ့ကျင့်မှုများကို စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား နွေရာသီအခြေခံ အားကစားသင်တန်း သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများက အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နွေရာသီအခြေခံ အားကစားသင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ အားကစားနည်း တစ်ခုချင်းစီအလိုက် သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးသည်။

သရုပ်ပြလေ့ကျင့်မှုများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများ အတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သင်တန်းသား ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အားကစားကွင်း စနစ်တကျရှိစေရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ နွေရာသီအခြေခံ အားကစားသင်တန်းကို လူငယ်မောင်မယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိစိတ်ဓာတ် ပိုမိုတိုးပွားလာခြင်းမှ တစ်မျိုးသားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိမိဝါသနာပါသည့် အားကစားနည်းကို လေ့ကျင့်လိုက်စားခြင်းမှ အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ကျောင်းသား လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး ဧပြီ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် အားကစားနည်း ၁၆ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၁၈၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းမှ သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းတို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် အောင်စည်သာကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိပြီး ရက်ပေါင်း(၃၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း)ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့်အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို(SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများ၊ ခရိုင်၊ မြို့နယ်ဒေသစာရင်းစစ်ရုံးများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ခေတ်စနစ်နှင့် ကိုက်ညီသော စစ်ဆေးရေးပညာရပ်များအသုံးပြု၍ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit) ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်စစ်ဆေးလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ ၂၀၂၁-၂၀၂၃ ခုနှစ်အတွက် ASEANSAI အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ASEANSAI စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်း စာရင်းစစ်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းလွှာ Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယစာရင်းစစ်ချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်အကောင်းဆုံးဆု၊ ရုံးမဂ္ဂဇင်း စာမူရှင်ဆု၊ ဆန်းသစ်တီထွင်ဆု၊ ရုံးမဂ္ဂဇင်းစာမူရှင်ဆု၊ စီမံနှင့် စစ်ဆေးရေးစွမ်းဆောင်ရည် အကောင်းဆုံးဆုနှင့် သင်ကြားမှုထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရုံးသီချင်း၊ အဆင့်မြင့်ကျောင်းသီချင်းတို့ဖြင့် တစ်နှစ်တာကာလ လှုပ်ရှားဆောင်ရွက်မှု Video Clip ကို ပြသသည်။

ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲနှင့် ပိုစတာပြပွဲပြိုင်ပွဲကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌတို့က ဆုအမျိုးအစားအလိုက်ဆုရရှိသူနှင့် ကြိမ်ရေအများဆုံး သွေးလှူဒါန်းရှင်များကို ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကံစမ်းမဲဖောက်ပေးခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)တွင် ပူးတွဲဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာသင်တန်းကျောင်းအတွက် အဆောက်အအုံများနှင့် ကုန်ထုတ်လမ်းဖွင့်ပွဲ ကျင်းပ

**ဘားအံ ဧပြီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)တွင် ပူးတွဲဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာသင်တန်းကျောင်းအတွက် အဆောက်အအုံများနှင့် ကုန်ထုတ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခန့်က အဆိုပါကျောင်း နှစ်ထပ်စာသင်ဆောင်ရှေ့၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မွေးမြူရေး ဒီပလိုမာသင်တန်းကျောင်းအတွက် အဆောက်အအုံများနှင့် ကုန်ထုတ်လမ်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က စားရေရိက္ခာဖူလုံမှုသာလျှင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး သာယာဝပြောလာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေရာ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် နည်းပညာများ၊ ရေမြေဒေသနှင့် ကိုက်ညီသည့် သုတေသနလုပ်ငန်းများ၊ နည်းစနစ်များကို ဖြန့်ဖြူးပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များစွာမွေးထုတ်ပေးဖို့လိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် အလယ်အလတ်အဆင့်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များစွာကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးနိုင်ရန်နှင့် မွေးမြူရေးဒီပလိုမာသင်တန်းအတွက် စာတွေ့၊ လက်တွေ့လုပ်ငန်းများ ကျွမ်းကျင်စွာသင်ကြားပေးနိုင်ရေး ယခုကဲ့သို့ အဆောက်အအုံများနှင့် ကုန်ထုတ်လမ်းတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝမ်းက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)တွင် ပူးတွဲဖွင့်လှစ်သည့် မွေးမြူရေး ဒီပလိုမာသင်တန်းကျောင်းအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း (၁၇၀ ပေ x ၃၆ ပေ x ၂၂ ဒသမ ၅ ပေ) RC နှစ်ထပ် စာသင်ဆောင်တစ်ဆောင်၊ (၁၇၃ ပေ x ၃၂ ပေ x ၂၂ ဒသမ ၅ ပေ) RC နှစ်ထပ် ကျောင်းသား ကျောင်းသူ အိပ်ဆောင်တစ်ဆောင်၊ (၁၅၀ ပေ x ၃၀ ပေ x ၁၂ ပေ) RC တစ်ထပ်လက်တွေ့ဆောင်၊ (၃၀ ပေ x ၃၅ ပေ x ၁၅ ပေ) Mini Lab RC၊ (၄၀ ပေ x ၁၉ ပေ x ၁၀ ပေ) RC အစာကိုဒေါင်၊ (၄၅ ပေ x ၃၀ ပေ x ၁၂ ပေ) RC ခြံလုပ်သားအိမ်ရာ၊ (၄၅ ပေ x ၂၄ ပေ x ၁၀ ပေ)Steel Structure ဝက်ခြံ၊ (၅၅ ပေ x ၂၀ ပေ x ၁၀ ပေ)Steel Structure နွားခြံ၊ (၆၀ ပေ x ၂၀ ပေ x ၁၀ ပေ) ဥစားကြက်ခြံ၊ မီးလိုင်း(၄၀၀)ဗို့ ၃၇၀၀ ပေ ဆွဲခြင်း၊ အဝိစီရေတွင်းတူးဖော်ခြင်း၊ (၃၆ ပေ x ၂၇ ပေ x ၁၅ ပေ)ငါးသားဖောက်ရုံတည်ဆောက်ခြင်း၊ (၄၀ ပေx ၂၀ ပေx ၁၀ ပေ) အသားတိုးကြက်ခြံနှင့် အရှည် ပေ ၃၁၆၀၊ အကျယ် ၁၄ ပေရှိ ကုန်ထုတ်လမ်းတို့ကို ဝေပုံမြကုမ္ပဏီအပါအဝင် ကုမ္ပဏီ ၁၂ ခုမှ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆၃၇ ဒသမ ၂၁ သန်းဖြင့် တာဝန်ယူတည်ဆောက်ပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ပုသိမ် ဧပြီ ၁**

စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "နယ်မြေဒေသအသီးသီးသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုး၊ မွေးမြူရေး အပါအဝင် သွားရောက်စစ်ဆေးမှုများအပေါ် တွေ့ရှိသည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအား ပြန်လည်ဆွေးနွေးနိုင်ရန်နှင့် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများအနေဖြင့် တိုင်းဒေသကြီးမှ ထွက်ရှိသည့် ကုန်ကြမ်းများအား အခြေခံ၍ ကုန်ချောထုတ်လုပ်နိုင်သည့် လုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မိုးစပါး၊ နွေစပါး စုစုပေါင်းဧက ၅၁ သိန်းကျော် စိုက်ပျိုးပြီး စပါးတင်းသိန်းပေါင်း ၄၀၀၀ ကျော် ထွက်ရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး ပိုလျှံသည့်ဆန်များကို ပြည်တွင်းပြည်ပတင်ပို့လျက်ရှိပါကြောင်း။

တိုင်းဒေသကြီးတွင် ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဖွဲနုဆီထုတ်လုပ်နိုင်ရန် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တက်ရောက်လာကြသူများမှ လုပ်ငန်းဆောင်ရွက်မှု၊ အခက်အခဲများနှင့် ကူညီဆောင်ရွက်ပေးရမည်များအား ဆွေးနွေးပေးကြရန်" ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုများအား အသီးသီး ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေး၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၂၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁**

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ (၂၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိ မြို့နယ် ခရေပင်လမ်းခွဲရှိသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အငြိမ်းစား စာတည်းမှူးချုပ်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးထွန်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာနိုင်ငံ၌ သက်တမ်းရှည်ကြာပြီဖြစ်သည့် အစဉ်အလာရှိသော အများပြည်သူ ဝန်ဆောင်မှုဌာနကြီးဖြစ်ပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက သတင်းထုတ်ပြန်ခြင်းနှင့် သတင်းစာထုတ်ဝေခြင်းလုပ်ငန်းတို့ကို ဦးစားပေး အကောင်အထည်ဖော်သည့် ဌာနဖြစ်ပါကြောင်း၊ သတင်းစာတစ်စောင်ထုတ်ဝေရန်ဆိုသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ဘဲ အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ပြည်သူများကို မှန်ကန်သည့် အသိအမြင်များ ပိုမိုတိုးတက်ပေးဝေနိုင်ရန်အတွက် ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ပေးပြီး သတင်းစာသုံးစောင်ကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

မျက်မှောက် ကာလတွင် ပြန်ကြားရေးကဏ္ဍ၏ အဓိကလိုအပ်ချက်မှာ မြန်မာတစ်နိုင်ငံလုံး သာမက တစ်ကမ္ဘာလုံးကိုပါ သတင်းမှန်များ အချိန်နှင့် တစ်ပြေးညီ ပျံ့နှံ့စေရန်ဖြစ်ပါကြောင်း၊ သို့သော် လိုအပ်ချက်များ ရှိနေသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလတွင် Myanmar Digital News ကို ယခုထက်မက တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၂၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ထုတ်ဝေဆောင်ရွက်ခဲ့**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူခဲ့သည့် နှစ်နှစ်တာ ကာလအတွင်း သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းသည် အထူးကဏ္ဍများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အထူးဆောင်းပါး အချပ်ပိုများ၊ Photo Page စာမျက်နှာများ၊ သတင်းလွှာများ ထုတ်ဝေဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ ဌာနအသီးသီးမှ ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်ပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ဆက်လက်ပြီးလည်း နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် ပြည်သူများအား မှန်ကန်သည့် အသိပညာ ဗဟုသုတ သတင်းအချက်အလက်များ ပေးနိုင်ရေးသည် အရေးကြီးနေပါကြောင်း၊ ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆနှင့် အလုပ်အကိုင်များ မှန်ကန်စေရန်အတွက် နိုင်ငံပိုင်မီဒီယာများက ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကဏ္ဍသစ်များ ဖန်တီးဖော်ပြခြင်းနှင့် အသွင်အပြင် ဆန်းသစ်ဖော်ပြနိုင်ခဲ့သည့် မြန်မာ့အလင်း သတင်းစာတိုက်ဝန်ထမ်းများ၊ ကဏ္ဍသစ်များ စဉ်ဆက်မပြတ် ထည့်သွင်းခြင်းနှင့် ကြော်ငြာဝင်ငွေ အများဆုံး ရှာဖွေပေးနိုင်ခဲ့သည့် ကြေးမုံသတင်းစာတိုက် ဝန်ထမ်းများ၊ နိုင်ငံတော်နှင့် ပြည်ထောင်စုအဆင့် သတင်းများ၊ တွေ့ဆုံမေးမြန်းခန်းများ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရယူနိုင်ခဲ့သည့် မြန်မာ့သတင်းစဉ် ဝန်ထမ်းများအတွက် အသိအမှတ်ပြု ချီးမြှင့်သည့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဒစ်ဂျစ်တယ်စနစ်ဖြင့် သတင်းများ ဖြန့်ဝေနိုင်ခဲ့သည့် မြန်မာဒစ်ဂျစ်တယ်နယူးစ်ဌာန ဝန်ထမ်းများနှင့် သတင်းစာများတွင် သတင်းများ ထည့်သွင်းဖော်ပြနိုင်ရေး စီမံခန့်ခွဲမှုကောင်းမွန်သည့် ရုံးချုပ် (သတင်းဌာန)မှ ဝန်ထမ်းများအတွက် အသိအမှတ်ပြု ချီးမြှင့်သည့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရုံးချုပ်(စီမံ၊ ငွေစာရင်း၊ ထုတ်လုပ်ဌာန)တို့မှ ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် စစ်တွေ)တို့မှ ဝန်ထမ်းများအတွက် အသိအမှတ်ပြု ချီးမြှင့်သည့် ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း ရရှိကြသူ ခုနစ်ဦးအတွက် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ ဝန်ထမ်းများအတွက် ဝတ်စုံထောက်ပံ့ကြေးများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း) သတင်းစာဆရာကြီး ဦးမြတ်သူ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အမျိုးသားစာပေဆုရ ကဗျာဆရာ ဇော်မင်းမင်းဦး တို့က မုဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်နှင့် ဧည့်သည်တော်ကြီးများက စက်ဘီးနှင့် ငွေသား ကံစမ်းမဲများ ဖောက်ပေးကြပြီး ကံစမ်းမဲပေါက်သူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နှစ်ပတ်လည်နေ့ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကဏ္ဍသစ်များ စဉ်ဆက်မပြတ်ထည့်သွင်းခြင်းနှင့် ကြော်ငြာဝင်ငွေ အများဆုံးရှာဖွေပေးနိုင်ခဲ့သည့် ကြေးမုံသတင်းစာတိုက် ဝန်ထမ်းများအတွက် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၁**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ အတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကိုအလှည့်ကျ ထုတ်ဝေမည် ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်း သတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့်ထုတ်ဝေသည့် ရွှီပြည်ရခိုင် ပုံရိပ်အချပ်ပိုကို ဧပြီ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၉ ရက်နေ့နှင့် ၁၆ ရက်နေ့တို့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာ ကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၁၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၁၂) နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၃၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**ပေးအပ်ချီးမြှင့်**

ဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များက သင်တန်း ထူးချွန်ဆုရရှိသူများ၊ ရုံးတက်မှန်ဆု ရရှိသူများနှင့် အားကစားထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက ဝန်ထမ်း ၁၁၉ ဦးအတွက် ရုံးဝတ်စုံ (အမျိုးသားတိုက်ပုံ၊ အမျိုးသမီးကုတ်အင်္ကျီ) များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၂၂ ခုနှစ်အတွင်း ဖြတ်သန်းလာသည့် လုပ်ငန်းဆောင်ရွက်မှု Video Clip ကိုပြသသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၁၂) နှစ်မြောက် ရုံးနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများကို လက်ကိုင်ဖုန်းများနှင့် အခြားသော ဆုမဲများ ကံစမ်းမဲဖောက်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များသည် ဝန်ထမ်းများနှင့်အတူ ညနေစာ သုံးဆောင်ခဲ့ကြပြီး ဝါသနာရှင် ဝန်ထမ်းများ၏ သီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယဉ်ကျေးလိမ္မာသင်တန်း၊ အဘိဓမ္မာသင်တန်းနှင့် ဗုဒ္ဓဘာသာအခြေခံ(ဆရာဖြစ်) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁**

မျိုးဆက်သစ် လူငယ်လူရွယ်များ လိမ္မာယဉ်ကျေးမှုရှိစေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်လာစေရန်နှင့် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်တတ်စေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်း၊ အဘိဓမ္မာသင်တန်းနှင့် ဗုဒ္ဓဘာသာအခြေခံ(ဆရာဖြစ်) သင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပျဉ်းမနား ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နွေရာသီကျောင်းပိတ်ရက် နေပြည်တော်အတွင်းရှိ သင်တန်းဌာနကိုးနေရာတွင် ကျောင်းသား ကျောင်းသူ လူငယ် ၁၀၂၄ ဦးတို့ကို မြို့နယ်သံဃနာယကအဖွဲ့များက ဦးဆောင်ဦးရွက်ပြုပြီး ဖွင့်လှစ်ပို့ချပေးမည်ဖြစ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများဖြစ်သည့် ဗုဒ္ဓစာပေသင်ကြားမှုများကို ဆက်လက်ထိန်းသိမ်းကာ မျိုးဆက်သစ်လူငယ်များ ယဉ်ကျေးလိမ္မာစေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် လူငယ်များဖြစ်လာစေရန်အတွက် သင်ကြားစေလိုကြောင်း၊ အမျိုးဘာသာသာသနာ ကြီးပွားတိုးတက်ရေးနှင့် ယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ရည်မှန်းပြီး ကြိုးစားသင်ယူလေ့လာဆည်းပူးကြစေလိုကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့အား မေ ၁ ရက်မှ ၅ ရက် အထိလည်းကောင်း၊ အဘိဓမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့အား မေ ၁ ရက်မှ ၅ ရက်အထိလည်းကောင်း၊ ဗုဒ္ဓဘာသာအခြေခံ(ဆရာဖြစ်) သင်တန်းကို သင်တန်းသား သင်တန်းသူစုစုပေါင်း ၄၀ တို့အား မေ ၁ ရက်မှ ၇ရက်အထိလည်းကောင်းသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။



ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၏ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သားသမီးများအတွက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးတင်ဦးလွင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းသို့ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၃ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀ စုစုပေါင်း ၁၀၃ ဦး တက်ရောက်ကြပြီး မေ ၁ ရက် မှ ၅ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပဉ္စမနေ့ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁**

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကျောင်းသားများအချင်းချင်း ဒေသဆိုင်ရာဗဟုသုတများ အပြန်အလှန်ဖလှယ်နိုင်ပြီး ဗလငါးတန် ဖွံ့ဖြိုးရေးကို ဦးတည်သည့် ကျောင်းသားရပ်ဝန်း ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ပဉ္စမနေ့ အုပ်စုပွဲစဉ်များအား ယနေ့တွင် ဆက်လက်ကျင်းပသည်။



**ကြည့်ရှုအားပေး**

နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၃ ၌ အုပ်စု ၂ ကွန်ပျူတာတက္ကသိုလ်(အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ၊ မြိတ်)နှင့် အသင်း(ခ) ကွန်ပျူတာတက္ကသိုလ် (ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ သထုံ)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ ယင်းပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ဂိုးမရှိ သရေကျခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၁ ၌ အုပ်စု ၄ နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မှော်ဘီ၊ တောင်ငူ)နှင့် အသင်း(ဂ) နည်းပညာတက္ကသိုလ်(သန်လျင်၊ မော်လမြိုင်၊ ဘားအံ) များမှ ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အသင်း(က) မှ အသင်း(ဂ) ကို ငါးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၃ ၌ အသင်း(ဃ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မအူပင်၊ ထားဝယ်၊ မြိတ်)နှင့် အသင်း(ခ)ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ၊ ပုသိမ်၊ ဟင်္သာတ)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင် အသင်း(ခ) မှ အသင်း(ဃ) ကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေးစီမံကိန်း ၇၅ ဒသမ ၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီးရှိ ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသည့် ရန်ကုန် သန်လျင်-သီလဝါ အထူးစီးပွားရေးဇုန်ကို လွယ်ကူစွာဆက်သွယ်သွားလာနိုင်စေရေးအတွက် ပဲခူးမြစ်ကူး(သန်လျင် အမှတ်-၃) တံတားတည်ဆောက်ရေး စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု ၇၅ ဒသမ ၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံမှ သိရသည်။



အဆိုပါ တံတားတည်ဆောက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက မတ် ၃၁ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန်လျင်ဘက်ခြမ်း တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ချဉ်းကပ်လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကျန်ရှိသည့်လုပ်ငန်းကဏ္ဍများ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန်လျင်ဘက်ခြမ်းမှ သာကေတဘက်ခြမ်းသို့ စက်သမ္ဘန်ဖြင့် ရေလယ်တိုင်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သာကေတဘက်ခြမ်း ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ စီမံချက်အတိုင်းသတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

တံတားစီမံကိန်းအတွက် JICA က သက်သာသောအတိုးနှုန်း ODA ချေးငွေ ဂျပန်ယန်း ၃၁ ဘီလီယံဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး (ဆိုင်းငံ့ကာလ ၁၀ နှစ်အပါအဝင်) ပြန်ဆပ်ကာလကို နှစ် ၄၀ သတ်မှတ်ထားပြီး အဆိုပါတံတားသည် အရှည် ၈၆၃၈ ဒသမ ၈၆ ပေရှိပြီး အပိုင်းသုံးပိုင်းခွဲ၍ တည်ဆောက်လျက်ရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်သံမဏိကြိုးဆိုင်း တံတားဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ပင်မတံတား အကျယ် ၂၂ ဒသမ ၉ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ မီတာရှိကာ တံတားခံနိုင်ဝန် (ခွင့်ပြုအလေးချိန်)မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်းနှင့် ဂျပန်နည်းပညာဖြင့် ဂျပန်အတိုင်ပင်ခံ အင်ဂျင်နီယာများက တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတားကို TC BOX တပ်ဆင်ပြီးစီးပြီဖြစ်၍ ရေလယ်ပင်မတိုင်ဖြစ်သော P11 နှင့် P 12 မှာ Pier Head အထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ရေထဲတွင်ရှိသည့် တိုင်အမှတ် P 16၊ P 17၊ P 18 နှင့် P 19 မှစတင်၍ သံမဏိ Box ရက်မတင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိသည့်တိုင်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းရှိ စီးပွားရေးဇုန်၊ ခရမ်းနှင့်သုံးခွမြို့နယ်တို့အပါအဝင် ပဲခူးတိုင်းဒေသကြီးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးရန်လျာထားကြောင်း တံတားဦးစီးဌာနမှ သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ ကျောဖုံးမှ

"သကြံန်ကာလမှာတော့ အခုလောလောဆယ် လက်ကျန်စားသုံးဆီတန် ၃၀၀၀၀ ရှိတယ်။ အခုသကြံန်မတိုင်မီမှာ သင်္ဘောရှစ်စင်းနဲ့ တန်ချိန် ၃၅၀၀၀ ခန့် ထပ်ရောက်ဖို့ရှိပါတယ်။ အားလုံးပေါင်းတန်ချိန် ၆၅၀၀၀၊ သကြံန်ပြီးတဲ့အခါမှာ သင်္ဘောနှစ်စင်း ထပ်ရောက်မယ်၊ တန်ချိန် ၁၁၀၀၀၊ အားလုံးပေါင်း တန်ချိန် ၇၅၀၀၀၊ ဆီတန်ချိန် ၇၆၀၀၀ လောက် ရှိတဲ့အတွက်ကြောင့် ဧပြီလမှာတော့ သကြံန်အတွင်း အခါကြီးရက်ကြီးတွေမှာ အလှူအတန်းတွေလည်း များတယ်။ စားသုံးသူတွေကို အလုံအလောက် စားသုံးနိုင်အောင်အတွက် တင်သွင်းထားပါတယ်။ ဆီတန်ချိန် ၇၅၀၀၀ ဆိုတာ အရင်ကာလတွေထက်ကို ကျွန်တော်တို့ ပိုသွင်းပြီးတော့ ဖူလုံအောင် ဆောင်ရွက်ထားတယ်။



ဦးဆန်းလင်း



ဦးရဲထွန်းနိုင်

### စီစဉ်ဆောင်ရွက်နေ

စားသုံးဆီ တင်သွင်းမှုအပိုင်းကတော့ စားသုံးဆီကို ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီဖြစ်ရမယ်။ စားသုံးသူများထံကို သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်ဖို့အတွက်ကို ကျွန်တော်တို့အသင်းအနေနဲ့ စီစဉ်ဆောင်ရွက်တယ်။ ဖူလုံမှုရှိအောင် ကျွန်တော်တို့ အထူးကြပ်မတ် စီစဉ်ဆောင်ရွက်နေပါတယ်။

"ဈေးကားတွေကတော့ အခြေခံစားသုံးသူတွေ လက်ထဲကို တိုက်ရိုက်ရောက်အောင် စားသုံးဆီဝယ်ယူရတဲ့အခါမှာ အခက်အခဲမရှိအောင် ဈေးတွေ၊ လူစည်ကားတဲ့ နေရာတွေ မြို့နယ်တော်တော်များများမှာ တစ်နေ့ကိုဈေးကားအစီး ၇၀ လောက်နဲ့ လိုက်လံရောင်းချပေးပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ အားလုံးကို ရစေချင်ပါတယ်။ သို့ပေမယ့်လည်း ဈေးကားရောက်တဲ့နေရာလောက်ပဲ ရောင်းပေးရတဲ့အတွက် အချို့မရသွားတဲ့ နေရာလေးတွေလည်း ရှိပါတယ်။ ဒါပေမဲ့ နောက်နေ့ နောက်နေ့တွေမှာလည်း အလှည့်ကျတစ်နေရာတည်း မဟုတ်ဘူး နေရာစုံမှာလိုက်ပြီးတော့ ရောင်းနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်း ဒီလိုပဲ ဈေးကားတွေထွက်ဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးရဲထွန်းနိုင်က "စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးရေး ကြီးကြပ်ရေး ကော်မတီအနေနဲ့ စားသုံးဆီ တင်သွင်းတာတွေ၊ သိုလှောင်တာတွေ၊ ဖြန့်ဖြူးတာတွေကို ကြီးကြပ်တာတွေရှိတယ်။ အဲဒီကြီးကြပ်နေတဲ့အပိုင်းမှာ ရုံးပိတ်ရက်ကာလတွေ ဆီပြတ်လပ်မှုမရှိအောင် ကျွန်တော်တို့ ဆောင်ရွက်နေတယ်ဆိုတဲ့အပိုင်းလေးကို သိစေချင်လို့ ဖြစ်ပါတယ်။

"အဓိကကတော့ ဈေးကွက်လိုအပ်ချက်ကို ကြည့်တယ်။ ဈေးကွက်လိုအပ်ချက်ကို ကြည့်ပြီးတော့ လိုအပ်တဲ့ဈေးကွက်ပြည့်မီအောင် ဖြန့်ဖြူးတဲ့အပိုင်းကို ကြီးကြပ်တာဖြစ်ပါတယ်။ နောက်တစ်ခုကကြတော့ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်အောင် ဖြန့်ဖြူးတဲ့အပိုင်း၊ သယ်ဆောင်တဲ့အပိုင်းမှာ ပီပါတွေ၊ ပုံးတွေနဲ့သယ်ဖို့ စနစ်တကျ ရှိ၊ မရှိ၊ သန့်ရှင်းမှု ရှိ၊ မရှိ ကြီးကြပ်တယ်။ ပြီးလို့ရှိရင် ဖြန့်ဖြူးတဲ့နေရာကနေ သက်ဆိုင်ရာနေရာကို အမှန်တကယ် ရောက်ရှိလား၊ မရောက်ဘူးလား၊ ဈေးကွက်ထဲမှာ ဖြန့်ဖြူးမှုရှိလား၊ မရှိလားဆိုတဲ့ဟာတွေကို အဓိကကြီးကြပ်တဲ့အပိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။

"ကျွန်တော်တို့က ဖြန့်ဖြူးတဲ့အပိုင်းပေါ့၊ ပြည်သူတွေကိုရောင်းချတဲ့အပိုင်းမှာတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ပေါ့၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းရယ်၊ ကျွန်တော်တို့ဌာနနဲ့ပူးပေါင်းပြီးတော့မှ ဈေးကားနဲ့ဖြန့်ဖြူးတာတွေရှိတယ်။ အဓိကက ဈေးကားတွေနဲ့ဖြန့်ဖြူးတာတွေကို ကျွန်တော်တို့ကြီးကြပ်ပါတယ်။ ပြီးရင် ဆီကုန်သည်တွေကနေ ဆီတွေကို သက်ဆိုင်ရာနယ်တွေကိုရောက်၊ မရောက် ဈေးကွက်ထဲမှာ ဖြန့်ဖြူးမှု ရှိ၊ မရှိ ဈေးကစားဖို့ရည်ရွယ်ချက်နဲ့ သိုလှောင်တာတွေ၊ ဖြန့်ဖြူးတာတွေ ဈေးမြှင့်တင်ဖို့ ရည်ရွယ်ချက်တွေနဲ့ သိုလှောင်တာတွေ၊ ဖြန့်ဖြူးတာတွေ ရှိ၊ မရှိကို ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဆီစားသုံးသူပြည်သူများအတွက် စားသုံးဆီလက်ကျန်တန်ချိန် သုံးသောင်းကျော်ခန့်ရှိပြီး သကြံန်မတိုင်မီ ဆီတင်သင်္ဘောကြီး ရှစ်စင်းဖြင့် ဆီတန်ချိန် ၃၅၀၀၀ ထပ်ရောက်မည်ဖြစ်ပြီး သကြံန်ကာလပြီးလျှင်လည်း ဆီသင်္ဘောကြီးနှစ်စင်းဖြင့် ဆီတန်ချိန် ၁၁၀၀၀ ကျော် ထပ်မံရောက်ရှိလာမည်ဖြစ်ရာ စုစုပေါင်း ဧပြီလအတွင်း ဆီတန်ချိန် ၇၆၀၀၀ ခန့်ရှိမည်ဖြစ်၍ ဆီစားသုံးသူပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကိုကိုဇော်(MNA)**

# လဲချားမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

လဲချား ဧပြီ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက ဟိုနောင်လုံကျေးရွာနှင့် မတ်လမ်းကျေးရွာများသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဟိုနောင်လုံကျေးရွာတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၄ သန်းဖြင့် အသင်းသား အသင်းသူ ၄၆ ဦးက စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မတ်လမ်းကျေးရွာတွင် စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် အသင်းသား အသင်းသူ ၇၅ ဦးက စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက အဆိုပါကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ/မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဟိုနောင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ မတ်လန်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ တွင် လည်းကောင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာနှစ်ရွာရှိ အသင်းသား အသင်းသူ ၁၂၁ ဦးအား ရန်ပုံငွေကျပ် ၉၅ ဒသမ ၄ သန်းအထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂



# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ)

ကျော်ဆု

## နိုင်ငံသမိုင်းအကျဉ်း


အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အာဖရိကတိုက်၏ အနောက်မြောက်ပိုင်း၌ တည်ရှိသည်။ မြောက်ဘက်တွင် မြေထဲပင်လယ်၊ အရှေ့ဘက်တွင် တူနီးရှားနိုင်ငံနှင့် လစ်ဗျားနိုင်ငံ၊ တောင်ဘက်တွင် မာလီသမ္မတနိုင်ငံနှင့် နိုင်ဂျာသမ္မတနိုင်ငံ၊ အနောက်ဘက်တွင် မော့ရီတေးနီးယားနှင့် မော်ရိုကိုနိုင်ငံတို့ဖြင့် ဝန်းရံလျက်ရှိပြီး ဆာဟာရသဲကန္တာရ၌ တစ်စိတ်တစ်ဒေသပါဝင်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၉၁၉၅၉၁ မိုင်ရှိသည်။ မြို့တော်မှာ အယ်လ်ဂျီးရီးယားဖြစ်သည်။ နိုင်ငံ၏လူဦးရေမှာ ၅၃ သန်း ကျော်ခန့်ရှိသည်။ အယ်လ်ဂျီးရီးယားနိုင်ငံ၌ မူလနေထိုင်ကြသူများမှာ ဗာဗားလူမျိုးများဖြစ်ကြပြီး ၇ ရာစုနှင့် ၈ ရာစု နှစ်များအကြားတွင် အစ္စလာမ်ဘာသာဝင်အာရပ်လူမျိုးများ ဝင်ရောက်နေထိုင်လာကြသည်။ အများစုသည် အာရပ်လူမျိုးများဖြစ်ကြသည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၆၂ ခုနှစ်တွင် အာရပ်နိုင်ငံများအသင်း (Arab League) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၆ ရာစုမှစတင်ကာ တူရကီအော်တိုမန်အင်ပါယာ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာခဲ့ပြီး ၁၈၃၀ ပြည့်နှစ်တွင် ပြင်သစ်က သိမ်းပိုက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ပြီး ၁၉၆၂ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၆၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါတီစုံစနစ်ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၁ ခုနှစ်အထိ တစ်ခုတည်းသောအာဏာရပါတီသည် အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီ (FLN) ဖြစ်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ရွေးကောက်ပွဲကို ပါတီစုံဖြင့် ကျင်းပခဲ့ပြီး အစ္စလာမ္မစ်ကယ်တင်ရေးတပ်ဦး (FIS) ပါတီ အနိုင်ရရှိခဲ့သော်လည်း ၎င်းတို့၏ အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များက ရွေးကောက်ပွဲကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အယ်လ်ဂျီးရီးယား၌ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သဖြင့် စစ်တပ်က အာဏာသိမ်းခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပြင်ဆင်ဖြည့်စွက်ခဲ့၍ ၁၉၈၉ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ဆိုင်းငံ့ထားသည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး လွှတ်တော်နှစ်ရပ်ပါဝင်သည့် အယ်လ်ဂျီးရီးယားပါလီမန်ကို ဖွဲ့စည်းခဲ့သည်။

## အစိုးရဖွဲ့စည်းမှု

အယ်လ်ဂျီးရီးယားနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ Semi-Presidential စနစ်ကို လက်ခံကျင့်သုံးပြီး ယင်းအစိုးရစနစ်သည် သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရတို့အကြား အာဏာခွဲဝေအုပ်ချုပ်သော စနစ်ဖြစ်သည်။ ဝန်ကြီးချုပ်ကို သမ္မတကခန့်အပ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ ဝန်ကြီးများကို ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းပြီး နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ကာ အောက်လွှတ်တော်က အတည်ပြုထားသည့်စီမံချက်များကို အကောင်အထည်ဖော်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေက သမ္မတကို နိုင်ငံတော်အကြီးအကဲအဖြစ်




သာမက နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမူဝါဒများအတွက်ပါ တာဝန်ရှိသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ်လည်း အာဏာများစွာ ပေးထားသည်။ သမ္မတသည် ဝန်ကြီးများကောင်စီ၏ဥက္ကဋ္ဌဖြစ်သည့်အပြင် အစိုးရကိုဖြုတ်ချရန်နှင့် လွှတ်တော်ကိုဖျက်သိမ်းရန် အခွင့်အာဏာရှိသည်။ ထို့ပြင် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာဝန်ထမ်းများကိုလည်း သမ္မတက ခန့်အပ်နိုင်သည်။ အကယ်၍ သမ္မတက စစ်ကြေညာလိုသည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနှင့်တိုင်ပင်ဆွေးနွေးအတည်ပြုကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ထား၍ အရေးပေါ်လုပ်ပိုင်ခွင့်များအားလုံးကို သမ္မတထံ အပ်နှင်းရမည်ဖြစ်သည်။

## လွှတ်တော်ဖွဲ့စည်းမှု

အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပါလီမန်သည် လွှတ်တော်နှစ်ရပ်ပါသော bicameral parliament ဖြစ်ပြီး အထက်လွှတ်တော် (Council of the Nation) နှင့် အောက်လွှတ်တော် (People's National Assembly) တို့ဖြင့် ဖွဲ့စည်းထားသည်။ ဥပဒေပြုရေးအာဏာကို အစိုးရနှင့်လွှတ်တော်နှစ်ရပ်ဖြစ်သည့် အထက်လွှတ်တော် (Council of the Nation) နှင့် အောက်လွှတ်တော် (People's National Assembly) တို့ထံ၌ အပ်နှံထားသည်။ ယင်းအထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာခရိုင်များတွင် (List PR) စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

## အောက်လွှတ်တော်

အောက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ် ၄၀၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်(သို့) အောက်လွှတ်တော်မှ အနည်းဆုံးကိုယ်စားလှယ် ၂၀ က ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းနိုင်သည်။ အောက်လွှတ်တော်၏ သုံးပုံနှစ်ပုံမဲဖြင့် သမ္မတ၏ ဗီတိုအာဏာကို လွှမ်းမိုးနိုင်ပြီး အစိုးရ (သို့) အစိုးရအဖွဲ့ဝင်များကို ပြစ်တင်ဝေဖန်နိုင်ရန် အခွင့်အာဏာရှိသည်။ အောက်လွှတ်တော်သည် အခြေခံအခွင့်အရေးများ၊ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် ရာဇဝတ်ကျင့်ထုံးဆိုင်ရာ အထွေထွေစည်းမျဉ်းများနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ဘတ်ဂျက်များကို ပြဋ္ဌာန်းနိုင်သည်။

## အထက်လွှတ်တော်

အထက်လွှတ်တော် (Council of the Nation) ကို နိုင်ငံတော်ကောင်စီဟုလည်းခေါ်သည်။ အထက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာ ၁၄၄ နေရာအနက်မှ သုံးပုံနှစ်ပုံဖြစ်သည့် ၉၆ နေရာကို သွယ်ဝိုက် လျှို့ဝှက်မဲပေးရွေးချယ်ပြီး သုံးပုံတစ်ပုံဖြစ်သည့် ၄၈ နေရာကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ လွှတ်တော်ကို သုံးနှစ်တစ်ကြိမ် ထက်ဝက်သက်တမ်းတိုးသည်။ အထက်လွှတ်တော်သည် အောက်လွှတ်တော်က တင်ပြလာသည့်ဥပဒေကြမ်းကို ဆွေးနွေးပြီး ထောက်ခံဆန္ဒမဲ လေးပုံတစ်ပုံဖြစ်သည့် မဲအများစုဖြင့် အတည်ပြုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနုတ်ထွက်ခဲ့ပါက အထက်လွှတ်တော်ဥက္ကဋ္ဌက ယာယီသမ္မတအဖြစ် အများဆုံးရက်ပေါင်း ၉၀ အထိ တာဝန်ယူထမ်းဆောင်ရမည်ဖြစ်ပြီး နောက်ထပ်ရွေးကောက်ပွဲ ပြုလုပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အယ်လ်ဂျီးရီးယားပါလီမန်သည် အာရပ်နိုင်ငံများအကြားတွင် လွှတ်တော်အတွင်း အမျိုးသမီးအမတ်နေရာရှိမှု အများဆုံးလည်းဖြစ်သည်။

## ရွေးကောက်ပွဲသမိုင်း

### ကျင်းပခဲ့သည့်ရွေးကောက်ပွဲများ

အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၆၂ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ သမ္မတရွေးကောက်ပွဲကို ၁၉၆၃ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၄ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၉၅ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၉ ခုနှစ် စသည်ဖြင့် စုစုပေါင်း ၁၁ ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲများကိုမူ ပြင်သစ်လက်အောက်ခံနိုင်ငံအဖြစ် တည်ရှိခဲ့စဉ် ၁၈၉၈ ခုနှစ်ကတည်းကပင်စတင်၍ ၂၀၂၁ ခုနှစ်အထိ စုစုပေါင်း ၂၈ ကြိမ်ပြုလုပ်ခဲ့သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၁၉၄၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၇ ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။

### ရွေးကောက်ပွဲစနစ်

အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၆၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ တစ်ပါတီစနစ်ဖြစ်ခဲ့ပြီး အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီ (FLN) သည် တစ်ခုတည်းသောပါတီဖြစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ပါတီစုံရွေးကောက်ပွဲများ ကျင်းပခဲ့သော်လည်း လွတ်လပ်စွာနိုင်ငံရေးပြောဆိုခွင့်၊ ဆန္ဒပြခြင်းနှင့် စုဝေးခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည်။ ၁၉၉၁ ခုနှစ်မှစ၍ ပါတီစုံစနစ် အားကောင်းလာသော်လည်း နိုင်ငံရေးမငြိမ်သက်မှုများနှင့် ပြည်တွင်းစစ်ကြောင့် သေဆုံးသူ တစ်သိန်းကျော်ရှိခဲ့သည်။ ဖွဲ့စည်းပုံအရ ပါတီစုံစနစ်ကို အသိအမှတ်ပြုသော်လည်း ဘာသာရေးတွင် ကန့်သတ်မှုရှိသည်။ စာမျက်နှာ ၁၁ သို့ ❖

> အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပါလီမန်သည် လွှတ်တော်နှစ်ရပ်ပါသော bicameral parliament ဖြစ်ပြီး အထက်လွှတ်တော် (Council of the Nation) နှင့် အောက်လွှတ်တော် (People's National Assembly) တို့ဖြင့် ဖွဲ့စည်းထားသည်။ ဥပဒေပြုရေးအာဏာကို အစိုးရနှင့်လွှတ်တော်နှစ်ရပ်ဖြစ်သည့် အထက်လွှတ်တော် (Council of the Nation) နှင့် အောက်လွှတ်တော် (People's National Assembly) တို့ထံ၌ အပ်နှံထားသည်။ ယင်းအထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာခရိုင်များတွင် (List PR) စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်

❖ စာမျက်နှာ ၁၀ မှ
ပါတီစုံစနစ်ဖြစ်သည့်အတွက် ပါတီများစွာရှိပြီး ပါတီတစ်ခုတည်းမှ အပြတ်အသတ်အနိုင်ရပြီး အာဏာရရန် အခွင့် အလမ်းမရှိသည့်အပြင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် ပါတီများအချင်းချင်း ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။ သမ္မတကို နှစ်ကျော့ပြန်မဲပေးစနစ် (Two-round system-TRS) ဖြင့် တိုက်ရိုက်မဲပေးရွေးချယ်သည်။ လွှတ်တော်ရွေးကောက်ပွဲများအတွက် (Closed List PR) စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး၍ ရရှိသည့်မဲရလဒ်အရ လွှတ်တော် ကိုယ်စားလှယ်နေရာခွဲဝေရန် (Largest Remainder Formula)မဲကျန် အများဆုံးတွက်နည်းကိုသုံး၍ တွက်ချက်သည်။ ၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲမှစ၍ (Open List PR) စာရင်းဖွင့်အချိုးကျကိုယ်စားပြု စနစ်နှင့် (Threshold) အနိမ့်ဆုံးရရှိသည့်မဲအရေအတွက် တွက်ချက်နည်းဖြင့် ပထမဆုံး ပြောင်းလဲကျင့်သုံးခဲ့သည်။ အောက်လွှတ်တော် ကိုယ်စားလှယ်နေရာရရှိရန်အတွက် ပါတီများအနေဖြင့် ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တွင် အနည်းဆုံးခိုင်လုံဆန္ဒမဲ၏ ငါးရာခိုင်နှုန်းရရှိရန် လိုအပ်ပြီး အထက်လွှတ်တော်အတွက် ခိုင်လုံဆန္ဒမဲ၏ ခုနစ်ရာခိုင်နှုန်းရရှိရန် လိုအပ်သည်။ ထို့ပြင် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲရလဒ်လေးရာခိုင်နှုန်း ရရှိခဲ့သည့် ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တစ်ခုစီတွင် ယင်းမဲဆန္ဒနယ်ရှိ နိုင်ငံသား ၂၅၀ ၏ ထောက်ခံလက်မှတ်ရရှိထားသည့်ပါတီများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားသည်။

### ရွေးကောက်ပွဲများတွင်ဖြစ်ပွားခဲ့သည့် ထူးခြားဖြစ်စဉ်များ

၁၉၄၈ ခုနှစ် အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် ၁၉၅၁ ခုနှစ် ပြင်သစ်ပါလီမန်ရွေးကောက်ပွဲတို့တွင် မဲမသမာမှုကျူးလွန်သည့်ဖြစ်စဉ်များ ရှိခဲ့သည်။ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့ကြပြီး ၂၀၀၉ ခုနှစ် သမ္မတရွေးကောက်ပွဲကိုလည်း စနစ်တကျ မဲလိမ်ညာမှုရှိသည်ဟု စွပ်စွဲပြောဆိုမှုများရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲရလဒ်အပေါ် အစ္စလာမ်ဘာသာဝင်များက အငြင်းပွားကန့်ကွက်မှုများရှိခဲ့သည်။ နောက်ဆုံးကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပရန် ရည်ရွယ်ထားသော်လည်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းပုံပြင်ဆင်ရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်ဖြစ်သဖြင့် ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် စောစီးစွာကျင်းပခဲ့သည်။ ရွေးကောက်ပွဲမကျင်းပမီ လအနည်းငယ်စော၍ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခဲ့ပြီး Open List PR စနစ်နှင့် threshold တွက်ချက်နည်းတို့ဖြင့် စတင်မိတ်ဆက်ပေးခဲ့သည့် ပထမဆုံးသော ရွေးကောက်ပွဲဖြစ်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ပြည်နယ်ပေါင်း ၄၈ ပြည်နယ်၊ ခရိုင်ပေါင်း ၅၄၈ ခရိုင်နှင့် မြို့နယ်ပေါင်း ၁၅၄၁ မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ယခင်က မဲဆန္ဒနယ် ၄၈ နယ်သာ ရှိခဲ့သော်လည်း ၂၀၂၁ ရွေးကောက်ပွဲမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မဲဆန္ဒနယ် ၁၀ နယ် ထပ်မံတိုးခဲ့ပြီး စုစုပေါင်း ၅၈ နယ်ဖြစ်လာသည်။ ထူးခြားချက်မှာ ယခင်ဥပဒေပြဋ္ဌာန်းချက်အရ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲရလဒ် လေးရာခိုင်နှုန်းရရှိသည့်ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တစ်ခုစီတွင် နိုင်ငံသား ၂၅၀ ၏ထောက်ခံလက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်လောင်းများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားသည့် ကန့်သတ်ချက်ကို ၂၀၂၁ ခုနှစ်ရွေးကောက်ပွဲတွင် ဖယ်ရှားလိုက်သည်။

### ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု

လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စုစုပေါင်း ၂၀ ဖြင့် ဖွဲ့စည်းထားသည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား အဖွဲ့ဝင်များက မဲပေးခြင်းဖြင့် မဲအများဆုံးရရှိသူကို ယှဉ်ပြိုင်ရွေးချယ်ပြီး မဲရရှိမှုတူညီနေပါက အသက်ပို၍ကြီးသူကို ဦးစားပေးရွေးချယ်တင်မြှောက်သည်။ နိုင်ငံတော်သမ္မတသည် ရွေးချယ်ခံရသော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ခန့်အပ်သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင်ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်သည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ထမ်းဆောင်သည့် သက်တမ်းကာလသတ်မှတ်ချက်မှာ ခြောက်နှစ်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ သက်တမ်းကာလကိုလည်း ခြောက်နှစ်ထက်မပိုသည့် သတ်မှတ်ချက်နှင့် တစ်ကြိမ်သာခန့်အပ်နိုင်သည်။

### ရွေးကောက်ပွဲစီမံခန့်ခွဲမှု

လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်သည် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်သောအဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတို့အတွက် ပြင်ဆင်ခြင်း၊ ကျင်းပခြင်းနှင့် ကြီးကြပ်စီမံခန့်ခွဲခြင်းများဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည်။ မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပြင်ဆင်ခြင်း၊ အသိပညာပေးခြင်း၊ မဲဆန္ဒရှင်စာရင်းများ မှတ်ပုံတင်ခြင်း၊ မီဒီယာနှင့် စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုခြင်း၊ မဲရေတွက်ခြင်းနှင့် ရွေးကောက်ပွဲအငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးခြင်းစသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်ကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ရွေးကောက်ပွဲရလဒ်ကြေညာသည့်နေ့အထိ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တာဝန်ဝတ္တရားများကို ပြီးဆုံးအောင် ဆောင်ရွက်ရသည်။ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် ၎င်းတို့၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိ၍ သမာသမတ်ကျကျဆောင်ရွက်ရသည်။

သက်ဆိုင်ရာ ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းများသည် လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အကူအညီများ၊ လိုအပ်သည့်စာရွက်စာတမ်းအချက်အလက်များကို ပံ့ပိုးပေးရမည်။ လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်သည် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် ဝန်ထမ်းအင်အားဖြည့်တင်းထားရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲများ ကြီးကြပ်ကွပ်ကဲရန် အခွင့်အာဏာပေး၍ ဖွဲ့စည်းထားသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆိုင်ရာအလုံးစုံကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူစီမံဆောင်ရွက်ရန် အခွင့်အာဏာရှိသည်။

> **“ယနေ့အထိ အယ်လ်ဂျီးရီးယားတွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၄၀ ကျော်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါတီစုံစနစ်ကို အသိအမှတ်ပြုသော်လည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်များသည် အစ္စလာမ်ဘာသာဝင်ဖြစ်ရမည်ဟု ဘာသာရေးကန့်သတ်ချက်ရှိသည်။ ၁၉၆၃ ခုနှစ်မှစ၍ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့သော်လည်း ၁၉၈၈ ခုနှစ်မှစတင်ပြီး ပါတီစုံဒီမိုကရေစီစနစ်ဖြစ်လာခဲ့ရာ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီအပြင် အခြားပါတီများက ဝင်ရောက်ယှဉ်ပြိုင်လာကြသည်။ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသင်းအဖွဲ့တာဝန် ထမ်းဆောင်နေသူများအား ပါတီတည်ထောင်ခွင့်နှင့် ပါတီဝင်ဖြစ်ခွင့်ကို တားမြစ်ထားသည်။ နိုင်ငံရေးပါတီများကို နိုင်ငံခြားမှ အထောက်အပံ့ရယူခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းများကို ပိတ်ပင်ထားသည်။ နိုင်ငံရေးပါတီများသည် နိုင်ထက်စီးနင်းပြုခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို အားပေးကူညီခြင်းမပြုရဟု တားမြစ်ထား”**

### ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းမှုနှင့်ပြင်ဆင်မှုများ

ရွေးကောက်ပွဲဥပဒေတွင် ရွေးကောက်ပွဲဆိုင်ရာပြဋ္ဌာန်းချက်များ၊ မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်စာရင်း ပြန်လည်ပြင်ဆင်ခြင်း၊ မဲဆန္ဒရှင်ကတ်ပြားထုတ်ပေးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကိုယ်စားမဲပေးခြင်း၊ သက်ဆိုင်ရာ လွှတ်တော်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ သမ္မတရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များစသည့် အခန်းများပါဝင်သည်။

ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းမှုရှိခဲ့သည်။ ပြင်ဆင်ချက်အရ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီများမှတင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်းတွင် မဲဆန္ဒနယ်အရွယ်အစားအပေါ်မူတည်ပြီး အမျိုးသမီးများအတွက် ကိုတာ (quota)ခွဲတမ်းအရေအတွက်ကို တိုး၍သတ်မှတ်ထားသည်။ နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းမှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

### မဲဆန္ဒနယ်သတ်မှတ်ခြင်း

ပြည်နယ် ၅၈ ခုနှင့် နိုင်ငံပြင်ပရောက် လူမျိုးစုကိုယ်စားပြုမဲဆန္ဒနယ်တစ်ခု စုစုပေါင်း မဲဆန္ဒနယ် ၅၉ နယ်သတ်မှတ်ထားသည်။ ပြည်ပတွင်နေထိုင်သော အယ်လ်ဂျီးရီးယားနိုင်ငံသားများအတွက် ကိုယ်စားလှယ်ရှစ်နေရာကို သီးသန့်ထားရှိသည်။

### နိုင်ငံရေးပါတီများဆိုင်ရာ

ယနေ့အထိ အယ်လ်ဂျီးရီးယားတွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၄၀ ကျော်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါတီစုံစနစ်ကို အသိအမှတ်ပြုသော်လည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်များသည် အစ္စလာမ်ဘာသာဝင်ဖြစ်ရမည်ဟု ဘာသာရေးကန့်သတ်ချက်ရှိသည်။ ၁၉၆၃ ခုနှစ်မှစ၍ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့သော်လည်း ၁၉၈၈ ခုနှစ်မှစတင်ပြီး ပါတီစုံဒီမိုကရေစီစနစ်ဖြစ်လာခဲ့ရာ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီအပြင် အခြားပါတီများက ဝင်ရောက်ယှဉ်ပြိုင်လာကြသည်။ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသင်းအဖွဲ့တာဝန် ထမ်းဆောင်နေသူများအား ပါတီတည်ထောင်ခွင့်နှင့် ပါတီဝင်ဖြစ်ခွင့်ကို တားမြစ်ထားသည်။ နိုင်ငံရေးပါတီများကို နိုင်ငံခြားမှ အထောက်အပံ့ရယူခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းများကို ပိတ်ပင်ထားသည်။ နိုင်ငံရေးပါတီများသည် နိုင်ထက်စီးနင်းပြုခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို အားပေးကူညီခြင်းမပြုရဟု တားမြစ်ထားသည်။

### လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ

အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အနိမ့်ဆုံးအသက်ကန့်သတ်ချက်မှာ (၂၈)နှစ်ဖြစ်ပြီး အယ်လ်ဂျီးရီးယားနိုင်ငံသားဖြစ်ရမည်။ အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အနိမ့်ဆုံးအသက်ကန့်သတ်ချက်မှာ (၄၀) နှစ်ဖြစ်သည်။ စစ်မှုထမ်းတာဝန်ကိုလည်း ကျေပွန်ရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၄၅ ရက်မတိုင်မီတွင် ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရမည်ဖြစ်သည်။ တင်သွင်းထားသည့်အရေအတွက်မှ (၁/၃) သုံးပုံတစ်ပုံသည် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ပါလီမန်ရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းသည် ၎င်းယှဉ်ပြိုင်မည့်မဲဆန္ဒနယ်တွင် မဲစာရင်းမှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်အနည်းဆုံး ၄၀၀ ၏ လက်မှတ်ထိုးထောက်ခံမှု ရရှိထားရမည်။

### မဲဆန္ဒရှင်များဆိုင်ရာ

အယ်လ်ဂျီးရီးယားတွင် အသက် (၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရှိသည်။ ရာဇဝတ်မှုကျူးလွန်ထားသူ၊ ထောင်ဒဏ်ကျခံနေရသူ၊ ယခင်က ထောင်ကျခံခဲ့ရသူ၊ အချုပ်ကျနေသူများသည် မဲပေးခွင့်မရှိပါ။ မဲပေးပိုင်ခွင့်အရည်အချင်းပြည့်မီသူ နိုင်ငံသားတိုင်းသည် မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်ခြင်းကို မဖြစ်မနေစာရင်းပေး၍ မှတ်ပုံတင်ခြင်းဆောင်ရွက်ရမည်။ မဲပေးနိုင်ရန်အတွက် Voter card ကို သက်ဆိုင်ရာပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးသည်။ အယ်လ်ဂျီးရီးယားတွင် မဲပေးရန် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေမှာ ပြည်တွင်းတွင် ၂၃၅၈၇၈၁၅ ဦးနှင့် ပြည်ပတွင် ၉၀၂၃၆၅ ဦး စုစုပေါင်း ၂၄၄၉၀၁၈၀ ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ အယူခံဝင်ပြီးနောက် တရားဝင်မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ ၂၄၄၅၃၉၈၂ ဦးအထိ လျော့ကျကျန်ရှိခဲ့သည်။ သို့ဖြစ်ပါ၍ အယ်လ်ဂျီးရီးယားနိုင်ငံတွင် ယနေ့အထိ တရားဝင်မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ ၂၄ ဒသမ ၅ သန်းခန့်ရှိသည်။

### ဆန္ဒမဲပေးခြင်း

မဖြစ်မနေမဲပေးရသည့်စနစ်မဟုတ်ဘဲ ဆန္ဒအလျောက်မဲပေးခြင်းစနစ်ဖြစ်သည်။ ဆေးရုံ သို့မဟုတ် အိမ်တွင်ဆေးကုသမှုခံယူနေရသူများ၊ လှုပ်ရှားမရဖြစ်နေသည့် မသန်စွမ်းသူများ၊ မဲဆန္ဒနယ်ပြင်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများနှင့် ခရီးလွန်နေသူများ၊ မဲပေးသည့်နေ့တွင် တာဝန်ထမ်းဆောင်ရမည့်သူများအနေဖြင့် ကိုယ်စားမဲပေးခြင်း ပြုလုပ်နိုင်သည်။ နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများအနေဖြင့် ကိုယ်စားမဲပေးခြင်း၊ သက်ဆိုင်ရာသံရုံးများနှင့် ကောင်စစ်ဝန်ရုံးများသို့ သွားရောက်မဲပေးခြင်းများ ပြုလုပ်နိုင်သည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံဖွင့်ချိန်မှာ နံနက် ၈ နာရီဖြစ်ပြီး မဲရုံပိတ်ချိန်မှာ ည ၇ နာရီဖြစ်သည်။ မဲရုံတွင် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် အတွင်းရေးမှူးတစ်ဦး၊ အကဲဖြတ်နှစ်ဦးနှင့် မဲရုံအဖွဲ့ဝင်များဖြင့် တာဝန်ချထားသည်။

စာမျက်နှာ ၁၂ သို့ ❖

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၇၅ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၈၀,၁၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၀၈၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၅၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❖ စာမျက်နှာ ၁၁ မှ

မဲရုံတာဝန်ရှိသူများကို ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၏ ဆွေမျိုးများမဟုတ်သည့်သူများကိုသာ ရွေးချယ်ခန့်အပ်ထားရသည်။ မဲဆန္ဒရှင်များသည် မဲရုံသို့သွားရောက်၍ လျှို့ဝှက်ဆန္ဒပြုရသည်။ မဲဆန္ဒရှင်အနေဖြင့် လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြုပြီးပါက ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်၍ မဲပေးပြီးကြောင်း သက်သေအဖြစ် လက်မှတ်ထိုးပြီး လက်ချောင်းကို မင်တို့ခဲ့ရမည်ဖြစ်သည်။

### ရွေးကောက်ပွဲရလဒ်များရေတွက်ခြင်း

မဲပေးသည့်လုပ်ငန်းစဉ်ပြီးဆုံးသည်နှင့် မဲရေတွက်ခြင်းကို ပွင့်လင်းမြင်သာစွာဖြင့် အများပြည်သူရှေ့တွင် ဆောင်ရွက်သည်။ မဲရုံအဖွဲ့ဝင်များ၏ ကြီးကြပ်မှုအောက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၏ ရှေ့မှောက်တွင် တာလီချိုး၍ မဲရေတွက်ရမည်ဖြစ်သည်။ ပယ်မဲများကို ထည့်သွင်းရေတွက်ခြင်းမပြုပါ။ မဲရေတွက်စဉ် မဲဆန္ဒရှင်များအနေဖြင့် လာရောက်ကြည့်ရှုနိုင်ပြီး မဲရေတွက်ခြင်းလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည်။ ရေတွက်ပြီးသည့် မဲလက်မှတ်များကို သေချာစွာစုစည်း၍ မှတ်တမ်းတင်ထားရှိရသည်။ မဲရေတွက်ပြီးသည့် ရလဒ်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ မှတ်ချက်များနှင့်အတူ ထည့်သွင်းဖော်ပြ၍ မပြယ်သည့်မင်ဖြင့် ရေးသားပြီး တရားဝင်မှတ်တမ်းတင်ထားရှိသည်။ မဲရေတွက်ထားသည့် ရလဒ်မှတ်တမ်းပေါ်တွင် မဲရုံအဖွဲ့ဝင်များက လက်မှတ်ထိုး၍ မိတ္တူနှစ်စောင် ကူးယူထားရသည်။ ရွေးကောက်ပွဲရလဒ်ကို မဲရုံမှူးက အများပြည်သူရှေ့မှောက်တွင် ကြေညာပြီး မဲရုံ၌ မြင်သာစေရန် ကပ်ထားသည်။

| စဉ် | ပါတီအမည် | မဲအရေအတွက် | ရာခိုင်နှုန်း | ကိုယ်စားလှယ်နေရာများ |
|---|---|---|---|---|
| | National Liberation Front | 287,828 | 6.24 | 98 |
| | Movement of Society for Peace | 208,471 | 4.52 | 65 |
| | Democratic National Rally | 198,758 | 4.31 | 58 |
| | Future Front | 153,987 | 3.34 | 48 |
| | National Construction Movement | 106,203 | 2.30 | 39 |
| | Voice of the People | 13,103 | 0.28 | 3 |
| | Freedom and Justice Party | 10,618 | 0.23 | 2 |
| | New Algeria Front | 7,916 | 0.17 | 1 |
| | Justice and Development Front | 7,667 | 0.17 | 2 |
| | El Fadjr El Djadid | 7,433 | 0.16 | 2 |
| | Dignity Party | 5,942 | 0.13 | 1 |
| | Good Governance Front | 3,724 | 0.08 | 2 |
| | Jil Jadid | 3,576 | 0.08 | 1 |
| | Algerian National Front | 1,207 | 0.03 | 1 |
| | Minor independent lists that won seats | 256,732 | 5.57 | 84 |
| | Others | 3,337,487 | 72.39 | 0 |
| | **Total** | **4,610,652** | **100.00** | **407** |
| | နိုင်လုံမဲများ | 4,610,652 | 82.01 | |
| | ပယ်မဲများ | 1,011,749 | 17.99 | |
| | စုစုပေါင်း | **5,622,401** | **100.00** | |
| | မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင် စုစုပေါင်း | 24,453,992 | 22.99 | |

၂၀၂၁ ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် ပါတီတစ်ခုချင်းစီအလိုက် ရရှိခဲ့သောလွှတ်တော် ကိုယ်စားလှယ်လောင်းနေရာများ။

### ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

### ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲ

၂၀၁၂ ခုနှစ်စာရင်းအရ ပါလီမန်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၆၂ နေရာရှိသည်။ ၂၀၁၂ ခုနှစ် မေလ ရွေးကောက်ပွဲတွင် မဲပေးသူ ၄၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း အစိုးရက ဖော်ပြခဲ့သော်လည်း BBC သတင်းဌာနက မဲမသမာမှုများရှိခဲ့သည်ဟုဆိုသည်။ ထိုရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၄၄ ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီက အခြားပြိုင်ဘက်ပါတီများကို ကျော်လွန်၍ အမတ်နေရာ ၂၂၀ ကို ရရှိခဲ့သည်။ အစ္စလာမ့်မစ်မဟာမိတ်အဖွဲ့ပါတီမှ ၆၆ နေရာဖြင့် ဒုတိယမဲရလဒ်အများဆုံးရခဲ့သည်။ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲရလဒ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများရှိခဲ့သည်။

### ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲ

၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲ၌ မဲပေးသူ ၃၅ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး ၂၀၁၂ ပါလီမန်ရွေးကောက်ပွဲ၌ မဲပေးခဲ့သည့်ရာခိုင်နှုန်း ၄၃ ရာခိုင်နှုန်းအောက်ပင် လျော့နည်းနေသည်။ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီသည် ဒီမိုကရေစီဦးတည်ရေးပါတီနှင့်ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ခဲ့သော်လည်း အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီအနေဖြင့် ရရှိခဲ့သည့်မဲရလဒ်သည် သိသာစွာပင် လျော့နည်းကျဆင်းခဲ့သည်။

### ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲ


၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲကို ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်သည်။ အောက်လွှတ်တော်အတွက် အမတ်နေရာ ၄၀၇ နေရာကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ဤရွေးကောက်ပွဲသည် အယ်လ်ဂျီးရီးယားသမိုင်းတွင် မဲပေးသူ အနည်းဆုံးဖြစ်ခဲ့ပြီး ၂၃ ရာခိုင်နှုန်းအောက်သာ မဲပေးခဲ့ကြသည်။ ဒီမိုကရေစီဦးတည်ရေးပါတီအနေဖြင့် ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် မဲအနည်းငယ်သာရရှိခဲ့၍ အမတ်နေရာရရှိမှုနည်းခဲ့သောကြောင့် ဆုံးရှုံးမှုများခဲ့သည်။ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီသည် မဲပေးနှုန်းလျော့ကျမှုကို ရင်ဆိုင်ခဲ့ရသော်လည်း အမတ်နေရာအသာရရှိ၍ အခြားပါတီများ၊ တစ်သီးပုဂ္ဂလများနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ပါတီတစ်ခုချင်းစီအလိုက် ရရှိခဲ့သောလွှတ်တော်ကိုယ်စားလှယ်လောင်းနေရာများမှာ အထက်ပါအတိုင်းဖြစ်သည်။

### နိဂုံး

အယ်လ်ဂျီးရီးယားနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့၌ သဘောထားကွဲလွဲမှုများနှင့်အတူ အပြောင်းအလဲများစွာ အဆက်မပြတ်ဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲများကို အကြိမ်ကြိမ်ကျင်းပခဲ့ခြင်း၊ ပြန်လည်ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်း၊ ဆန္ဒပြခြင်း၊ မဲမသမာမှုများကြောင့် အယုံအကြည်ကင်းမဲ့စေသော ရွေးကောက်ပွဲများရှိခဲ့သော်လည်း ကောင်းမွန်သည့်အစိုးရတစ်ရပ် ပေါ်ထွန်းလာနိုင်ရန် ပြည်သူများက မျှော်လင့်လျက်ရှိသည်။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းရန်အတွက် နိုင်ငံရေးစနစ်အပြောင်းအလဲကို အနည်းငယ်တံခါးဖွင့်ပေးခဲ့သည့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အယ်လ်ဂျီးရီးယားနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၈၈ ခုနှစ်ကတည်းကပင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ပြီး ပြောင်းလဲလာသည့်စနစ်များအပေါ် အသားကျလက်ခံကျင့်သုံးနိုင်ရန် ရွေးကောက်ပွဲဥပဒေများကို လိုအပ်သလိုပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်ခုအဖြစ် တွေ့ရှိရကြောင်း တင်ပြလိုက်ရပါသည်။ ။

■

# ပြင်သစ်သမ္မတ မက်ခရွန်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ မေ ၆ ရက်တွင် တွေ့ဆုံမည်



**ပါရီ မေ ၁**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် ဥရောပသမဂ္ဂအဖွဲ့ကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်တို့သည် လာမည့် သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်ကာ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြင်သစ်အစိုးရက ယနေ့ ပြောကြားသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် မြို့တော်ပေကျင်းနှင့် ကွမ်တုံပြည်နယ်သို့ သုံးရက်ကြာလာရောက်မည်ဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်ကို မေ ၅ ရက်တွင် စတင်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက အတည်ပြုပြောကြားသည်။

မေ ၆ ရက်တွင် မက်ခရွန်နှင့် ဥရောပသမဂ္ဂအဖွဲ့ကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်တို့သည် သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်ပြီး တရုတ်ဝန်ကြီးချုပ်သစ် လီကွမ်းနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

မတ်လအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲပြီးနောက် အဆိုပါခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြင်သစ်သမ္မတ မက်ခရွန်နှင့်အတူ အာကာသယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အဲဘတ်စ်အပါအဝင် အခြားစီးပွားရေးလုပ်ငန်းရှင်များလည်း လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# အစ္စရေးက ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ကို တိုက်ခိုက်မှုအပေါ် အီရန် ပြစ်တင်ရှုတ်ချ

**တီဟီရန် မေ ၁**

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ကို အစ္စရေးနိုင်ငံက ဒုံးကျည်များဖြင့် တိုက်ခိုက်မှုအပေါ် အီရန်နိုင်ငံက မတ် ၃၁ ရက်တွင် ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုအတွင်း ဆီးရီးယားနိုင်ငံ၌ စစ်ဘက် ဆိုင်ရာ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေသော အီရန်အရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါသေဆုံးခဲ့သူမှာ အီရန်နိုင်ငံ၏ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ မီလက်ဒ်ဟိုင်ဒါရီဖြစ်ကြောင်း အီရန်နိုင်ငံ၏ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ လက်ရုံးမီဒီယာဖြစ်သော Sepah သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်သို့ မတ် ၃၁ ရက် ညပိုင်းတွင် ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒုံးကျည်တချို့ကို ဆီးရီးယားနိုင်ငံက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ၏ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် လွတ်လပ်သောအာရပ်နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ထိခိုက်ခဲ့ခြင်းအတွက် အစ္စရေးနိုင်ငံအား ပြစ်တင်ရှုတ်ချခဲ့ပြီး အစ္စရေးနိုင်ငံ၏ အဆိုပါရာဇဝတ်မှုဆိုင်ရာ ကျူးလွန်မှုကို တုံ့ပြန်သွားမည်ဖြစ်ကြောင်းလည်း အလေးထားပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ လူအုပ်ပြိုကျမှုဖြစ်ပွား၊ အနည်းဆုံး ၁၁ ဦး သေဆုံး

**ကရာချိ မေ ၁**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် ကလေးငယ် သုံးဦး ပါဝင်ကြောင်း သိရသည်။

အစ္စလာမ်ဘာသာဝင်များ၏ ရာမန်ဒန်ဥပုသ်လအတွက် စက်ရုံတစ်ခု၌ ငွေကြေးများ ပေးကမ်းစွန့်ကြဲခဲ့ရာ လူပေါင်းရာနှင့်ချီ စုဝေးရောက်ရှိခဲ့ခြင်းကြောင့် လူအုပ်ပြိုကျခြင်းဖြစ်ပွားခဲ့ကြောင်း ဒေသခံရဲအရာရှိများက ပြောသည်။

သေဆုံးသူများအနက် စက်ရုံအလုပ်သမားများ၏ မိသားစုဝင်များလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

လူအုပ်ပြိုကျစဉ် မြေပြင်ပေါ်တွင်လဲကျနေသူများအား အခြားသူများက နင်းမိရာမှ သေဆုံးခဲ့ခြင်းဖြစ်ပြီး အချို့မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး စက်ရုံအလုပ်သမားများအပါအဝင် တာဝန်ရှိသူခုနစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီး ငွေကြေးများ ပေးကမ်းစွန့်ကြဲမှု မပြုမီ အာဏာပိုင်များထံ အကြောင်းကြားခြင်း မရှိခြင်းကြောင့် လုံခြုံရေးအစီအမံများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

ဖေဖော်ဝါရီလတွင် စားသုံးသူဈေးနှုန်းညွှန်းကိန်းသည် လွန်ခဲ့သောနှစ်ကထက် ၃၁ ဒသမ ၅၅ ရာခိုင်နှုန်း မြင့်မားခဲ့သည်။ စံချိန်တင် ငွေကြေးဖောင်းပွမှုကြောင့် ပြည်သူများ စားသောက်ကုန် ဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ပါကစ္စတန်အစိုးရက ဆင်းရဲနွမ်းပါးသော မိသားစုများကို ဂျုံမှုန့်များ ဖြန့်ဖြူးပေးလျက်ရှိသည်။

မတ်လအတွင်းက ဂျုံမှုန့်ဖြန့်ဖြူးရေးစင်တာများတွင် လူအုပ်ပြိုကျမှုကြောင့် အနည်းဆုံး ငါးဦး သေဆုံးခဲ့ကြောင်းလည်း ဒေသတွင်း မီဒီယာများက သတင်းဖော်ပြသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ၌ မောင်းသူမဲ့ယာဉ်များကို အများပြည်သူဆိုင်ရာ နေရာများ၌ မောင်းနှင်ခွင့်ပြု

**တိုကျို မေ ၁**

ဂျပန်နိုင်ငံ၌ မောင်းသူမဲ့ယာဉ်များကို မေ ၁ ရက်မှ စတင်ပြီး အများပြည်သူဆိုင်ရာ နေရာများ၌ မောင်းနှင်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မောင်းသူမဲ့ယာဉ်များသည် နေ့စဉ်လူနေမှုဘဝအတွက် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ လမ်းစည်းကမ်းအက်ဥပဒေကို ပြန်လည်ပြင်ဆင်ပြီးနောက် မောင်းသူမဲ့ယာဉ်များကို သုံးစွဲမောင်းနှင်ခွင့်ပေးခြင်းဖြစ်သည်။

အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးက နိုင်ငံအတွင်း မောင်းသူမဲ့ယာဉ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း အီဟီဂျီမြို့ရှိ မော်တော်ယာဉ်ကုမ္ပဏီတစ်ခုသည် ခရီးသွားများအတွက် မောင်းသူမဲ့ယာဉ်လေးစီးကို လည်ပတ်မောင်းနှင်ရန် အစိုးရ၏ခွင့်ပြုချက်ရရှိခဲ့သည်။ အဆိုပါယာဉ်များသည် တစ်နာရီလျှင် ၁၂ ကီလိုမီတာနှုန်းဖြင့် နှစ်ကီလိုမီတာအကွာအဝေးရှိ အများပြည်သူလမ်းများတစ်လျှောက် ပြေးဆွဲမည်ဖြစ်ပြီး ခရီးသည်ခုနစ်ဦးအထိ တင်ဆောင်နိုင်ကြောင်း သိရသည်။

ဂျပန်အစိုးရက မောင်းသူမဲ့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို လာမည့်သုံးနှစ်အတွင်း တစ်နိုင်ငံလုံးရှိ နေရာ ၅၀ ခန့်တွင် အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မောင်းသူမဲ့ယာဉ်စနစ်များကို တီထွင်ထုတ်လုပ်နေသောကုမ္ပဏီအချို့သည် ၎င်းတို့၏နည်းပညာများကို စမ်းသပ်ရန်အတွက် ဒေသဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း တုပ်ကွေးဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၈၀၀၀ ကျော် ရှိသွားပြီဖြစ်

**လော့စ်အိန်ဂျလိစ် မေ ၁**

အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း လက်ရှိအချိန်အထိ တုပ်ကွေးဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူရသူ ၂၉၀၀၀၀ ရှိခဲ့ပြီး သေဆုံးသူပေါင်း ၁၈၀၀၀ ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မတ် ၃၁ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုတုပ်ကွေးရာသီအတွင်း အမေရိကန်နိုင်ငံ၌ တုပ်ကွေးဖြစ်ပွားမှုကြောင့် ကလေးငယ်စုစုပေါင်း ၁၃၈ ဦး သေဆုံးခဲ့ကြောင်းလည်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

မတ် ၂၅ ရက်တွင် ကုန်ဆုံးခဲ့သည့် ရက်သတ္တပတ်ကာလအတွင်း တုပ်ကွေးဖြစ်ပွားမှုကြောင့် လူပေါင်း ၁၂၂၀ ခန့်ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ အသက်ခြောက်လနှင့်အထက် အသက်အရွယ်ရှိသူတိုင်း ပုံမှန်တုပ်ကွေးကာကွယ်ဆေး ထိုးနှံမှုခံယူရန်လည်း အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက အကြံပြုထားကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# ချမ်းမြသာစည်မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဧပြီ ၁**


မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါမြို့နယ်ရှိ ဓမ္မိကာရာမကျောင်းတိုက် (မိတ္ထီလာကျောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၁၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ၂၁၂ ပါးနှင့် ဒေသခံပြည်သူ ၈၆ ဦးတို့ကိုလည်း တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်** ■



# လက်ပံတန်းမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**လက်ပံတန်း ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် (၃)လမ်း ဆွမ်းဆန်စိမ်းဝေယျာဝစ္စအသင်းရုံးတွင် ဧပြီ ၁ ရက် နံနက် ၈ နာရီက ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၆၄ ကျောင်းမှ သံဃာတော် အပါး ၄၀၀ နှင့် သီလရှင် လေးကျောင်းတို့မှ သီလရှင်များ ကြွရောက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်ဝင်းခိုင်၊ ဦးတင်စိုးရှိန်၊ အတွင်းရေးမှူး ရဲမှူး သက်ညွန့်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက တစ်ကျောင်းလျှင် ဝတ္ထုငွေကျပ် ၁၃၅၀၀၀ နှင့် ဆန်၊ ဆီ၊ ဆေး၊ ဆား နှင့် အခြားလှူဖွယ်ဝတ္ထုများအား လှူဒါန်းကြကြောင်း သိရသည်။

**အောင်ဆင့်**

# အလုပ်ခွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်းများ ထုတ်ပေး

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအရှေ့ပိုင်းမြို့နယ်ရှိ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်သည့် အာမခံအလုပ်သမား ဦးနေလင်းထက်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် နှလုံးသွေးကြောပိတ်၍ သေဆုံးသွားခြင်းနှင့် အာမခံအလုပ်သမား ဦးသန်းထက်အောင်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက် ည ၇ နာရီခွဲတွင် စက်ရုံမှနေအိမ်သို့ ဆိုင်ကယ်ဖြင့်အပြန် ထော်လာဂျီယာဉ်ဖြင့်တိုက်မိ၍ အခင်းဖြစ်နေရာတွင် သေဆုံးမှုတို့အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းများအား ၎င်းတို့၏ ဇနီးများထံ ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ရန်ကုန်မြို့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စက်ရုံ နှစ်ရုံမှ အာမခံအလုပ်သမားနှစ်ဦး၏ အလုပ်ခွင် ထိခိုက်သေဆုံးမှုများအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ နှင့် ၄၃၅၆၀၀၀ စုစုပေါင်း ၁၁၅၅၆၀၀၀ ကို အလုပ်သမားနှစ်ဦး၏ ဇနီးများထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**JJJ**

# မှော်ဘီမြို့နယ်၌ နွေရာသီ အားကစား အခြေခံသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မှော်ဘီ ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံ (ဘောလုံး၊ ရိုးရာခြင်းလုံး၊ တိုက်ကွမ်ဒို၊ ဂျူဒိုနှင့် အေရိုးဗစ်) အားကစားသင်တန်းများကိုမှော်ဘီ အထက (၂)၊ အထက (သန္တေပင်)၊ အထက (ညောင်နှစ်ပင်)၊ အလက (လေထီး)နှင့် အမက မူလွန် (စာဖြူစု) ကျောင်းတို့၌ ဖွင့်လှစ်ခဲ့ပြီး ယနေ့ နံနက် ၉ နာရီက



သင်တန်းဆင်းပွဲ အခမ်းအနားကို မှော်ဘီ အထက (၂) ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင် (၂) ဦးဝင်းစိုးနှင့် ခရိုင်အားကစားမှူး ဒေါ်ယဉ်ဦးခိုင်၊ မြို့နယ် အားကစားတာဝန်ခံ ဦးသိန်းလင်းအောင်တို့က သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းတွင် ဆုရရှိကြသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အထက(သန္တေပင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမြာက သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ မှော်ဘီမြို့နယ်အတွင်း နွေရာသီ အခြေခံအားကစား သင်တန်းများကို မတ် ၃ ရက်မှ ၃၁ ရက်ထိ အခြေခံအားကစားနည်း ငါးမျိုးကို ကျောင်းသားကျောင်းသူ ၂၅၀ တို့အား ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၄-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) | ၁၆:၃၅ | Sports Diary |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၀ | ဒါသကြိန်အဆိုအကများ |
| ၀၈:၃၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊မတ်လ)(ပထမပိုင်း) | ၁၇:၂၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊မတ်လ)(ဒုတိယပိုင်း) |
| ၀၉:၂၅ | တရုတ်ကာတွန်း 'ဖြူဖြူစင်စိတ်လှ'(အပိုင်း-၅) | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၃၅ | ဒါသကြိန်အဆိုအကများ | ၁၈:၃၅ | သုတစေပြော....သီရိဂေဟာ |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'(အပိုင်း-၄) |
| ၁၀:၃၀ | 'ငရုတ္တစိုစို $H_2O$' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၄၀ | အသိပညာနှင့်အမှန်တရား | ၂၁:၀၀ | ဒါသကြိန်အဆိုအကများ |
| ၁၂:၃၀ | This Week's Special Interest | ၂၁:၁၅ | ဘဝနှင့်အနုပညာ 'ချစ်ညီမရဲ့နိုင်ငံယာရီ' (ထပ်ဆင့်အကယ်ဒမီမြင့်မြင့်ခင်)(အပိုင်း-၁) |
| ၁၃:၃၀ | MRTV National News | ၂၁:၄၀ | ဆေးရောင်စုံရုပ်ရှင် 'ငဒိဗဟုတ်တဲ့မငဟာသိ' |
| ၁၄:၀၀ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'အငဗတစ်ခု သားတစ်ခု' (စိန်မြင့်၊ဇော်လင်း၊ဆွေဇင်ထိုက်၊ အောင်ထွန်းလေး)(ဒါရိုက်တာ-မောင်နန္ဒ) | | |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Myitta (Kyawt Kay Khaing) |
| 07:07 | Myanmar Bamboo Xylophone (or) Pattala |
| 07:14 | Three Beautiful Islands |
| 07:34 | The Coloured Glass Ball (Ywal) Juggling Master |
| 08:01 | News |
| 08:26 | Myanmar Traditional Snacks (Shwe Yin Aye) |
| 08:33 | The Recycle Art: Tyre |
| 08:48 | Thingyan Songs & Dances |
| 09:02 | His Life and His Art; Myanmarpyi Thein Tan - The Lengendary Musician (Epi - 4) 1970-1989 |
| 09:39 | Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary |
| 09:46 | Dances of Myanmar: Akha Traditional Dance |
| 10:01 | News |
| 10:26 | The Llistening Eye |

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ကြားပန်းတို့ရှိရာဆီ
တစ်ခေါက်တစ်ခါအလည်ရောက်စေချင်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့်တရုတ်စံကားပွင့်

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
သာယာရှုမောဖွယ်ရမ္မာမြေ

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
လင်းခေးမြို့ရဲ့နာမည်ကြီးဟင်းရွက်စုံကြော်

**'ဝ' (၁၃:၀၀ မှ ၁၅:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
'ဝ'ဉစိုက်ကြမယ်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားရိုးရာဝတ်စုံချောင်း

**ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)
ဆိုရိုးစကားများ(အပိုင်း-၁)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တိုင်းရင်းသားကျေးရွာက
ကရင့်ရိုးရာအိမ်ကလေးသို့

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
လိုင့်ထောင်ပလာမီးရေတံခွန်

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ငေါ်ရခါးသီးနှင့်ကျန်းမာရေး

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၉:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှသာ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅) |
| ၁၁:၀၀ | တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၀ | အထွက်နှုန်းပိုတိုးဖို့စမ်းသပ်စိုက်ပျိုးစို့ |
| ၀၇:၀၀ | စက်မှုလယ်ယာစွမ်းအားနိုင်ငံ့အင်အား |
| ၀၇:၃၅ | မွေးမြူရေးရာအဖြာဖြာ |
| ၀၈:၀၀ | အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့ |
| ၀၈:၂၀ | စနစ်တကျစိုက်ပျိုးမှု ကျန်းမာရေးအတွက်ထောက်ကူရ |
| ၀၉:၄၀ | ရာဘာအပင်အိုနဲ့အီသရယ် |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာအတွင်း ဝင်ရောက်၍ သေနတ်ဖြင့်ပစ်ခတ်ပြီး နေအိမ်များအား မီးရှို့ဖျက်ဆီး၊ အပြစ်မဲ့အရပ်သားပြည်သူ ကိုးဦး သေဆုံး၊ နေအိမ်အလုံး ၇၀ နှင့် နွားတင်းကုပ် ၃၁ လုံးတို့ မီးလောင်ပျက်စီး

နေပြည်တော် ဧပြီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာအတွင်းသို့ မတ် ၃၀ ရက် ည ၁၀ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ အနောက်တောင်ဘက်မှ ဝင်ရောက်၍ သေနတ်များဖြင့်ပစ်ခတ်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာနေ အပြစ်မဲ့အရပ်သားပြည်သူ ကိုးဦးတို့တွင် ကျည်ထိမှန်ဒဏ်ရာ၊ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်းနှင့် နေအိမ် ၇၀ နှင့် နွားတင်းကုပ် ၃၁ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူနိုင်ရေး

အထက်ပါဖြစ်စဉ်မှ စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာအတွင်းသို့ ဝင်ရောက်၍ အပြစ်မဲ့အရပ်သားပြည်သူများအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။







## ဖြူးမြို့နယ်ရှိ သံကူကွန်ကရစ်ချောင်းကူးတံတားနှစ်စင်းအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ သံကူကွန်ကရစ်ချောင်းကူးတံတားနှစ်စင်းအား မတ် ၃၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ဘုရားလဟာကျေးရွာရှိ အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ မဂျမ်းရိုးတံတား ဒေသအခေါ် တူးမြောင်းတံတားနှင့် အလျားပေ ၈၀၊ အနံပေ ၂၀ ရှိ သစ်ပတ်ချောင်းတံတားတို့ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် မိုင်းပေါက်ကွဲမှုကြောင့် မဂျမ်းရိုးတံတား ဒေသအခေါ် တူးမြောင်းတံတားမှာ အနည်းငယ်ပျက်စီးခဲ့ပြီး သစ်ပတ်ချောင်းတံတားမှာ ပျက်စီးမှုကြောင့် ယာဉ်များဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

ထိုသို့အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ်ချောင်းကူးတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၌ ပထမအကြိမ်သွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဝန်ထမ်းများနှင့်အတူ ဘုရားဖူးပြည်သူများ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ အမျိုးသားသွေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်၊ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးအောင်မြတ်၊ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ဗိုလ်တထောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် ဗိုလ်တထောင်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဇီဝိတဒါနသွေးလှူဒါန်းသူများကို အားပေးစကားပြောကြားသည်။

ပထမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲတွင် စုစုပေါင်း သွေးလှူရှင် ၁၀၈ ဦးတို့က သွေးပုလင်းပေါင်း ၁၀၈ ပုလင်း လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

လင်းရာမ

## တရားမဝင်သစ်မျိုးစုံ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ



မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဧပြီ ၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် မတ် ၂၃ ရက်နှင့် ၃၁ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော Gpon Olt 8 Pon Ports အလုံး ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၁၂၀၀၀၀)နှင့် Metal Mouse Trap ၈၄၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၄၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၈၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးမှ စစ်ဆေးရေးအဖွဲ့က လားရှိုးမြို့နယ် Oriental Highway Tollgate အနီး၌ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးအား စိစစ်၍ လားရှိုးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်၏ကိုယ်ထည် ကြမ်းခင်းအောက်တွင် အံ့ဝှက်ပြုလုပ်၍ တရားမဝင် သို့ဝှက် သယ်ဆောင်သည့် ပိတောက်ဟု ယူဆရသော ခွဲသားဆိုဒ်စုံ သုည ဒသမ ၈၅၁၆ တန်၊ ကျွန်းဟုယူဆရသော ခွဲသားဆိုဒ်စုံ သုည ဒသမ ၉၆၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်သော Toyotetsu Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဖြူးမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ် ၂၃ ဒသမ ၀၈၈ တန်၊ သစ်မာ ၈ ဒသမ ၅၁၂ တန်နှင့် အခြားသစ်မျိုးစုံ ၃ ဒသမ ၄၂၂ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၆၀၀၈၂၆)ကိုသိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၃ ရက်၊ ၂၅ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၀၉၈၄၈၂၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မွေးမြူရေးသုတေသနဦးစီးဌာန တည်ထောင်ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့်အခမ်းအနားနှင့် ပထမအကြိမ် မွေးမြူရေးသုတေသနစာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁**

မွေးမြူရေး သုတေသနဦးစီးဌာန တည်ထောင်ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အခမ်းအနားနှင့် ပထမအကြိမ် မွေးမြူရေး သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မွေးမြူရေး သုတေသနဦးစီးဌာန အသစ်ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအဆင့်မီ အမျိုးသားအဆင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ မွေးမြူရေးနှင့် ရေလုပ်ငန်း ထွက်ကုန်ပစ္စည်းများမှ ပြည်တွင်း စားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်တည်းသာမက ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် လိုအပ်သကဲ့သို့ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်း အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပထမအကြိမ် မွေးမြူရေးသုတေသန စာတမ်းဖတ်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ စာတမ်းရှင်များက ဆုရစာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရစာတမ်းရှင်များအား ဆုများပေးအပ်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ပထမအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲတွင် မွေးမြူရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပညာရှင်များက အသားကဏ္ဍဆိုင်ရာ သုတေသနစာတမ်း ၁၆ စောင်နှင့် ငါးကဏ္ဍဆိုင်ရာ သုတေသနစာတမ်း ၁၅ စောင်ကို ဆွေးနွေးတင်ပြကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တစ်နှစ်(၃)သီး စိုက်ပျိုးနိုင်သော သီးနှံပုံစံအတွဲများ စမ်းသပ်စံပြစိုက်ပျိုးဆောင်ရွက်နေသည့် စပါး၊ ကုလားပဲစိုက်ခင်းများနှင့် စပါးစိုက်ခင်းတွင် နောက်ဆုံးသီးနှံအဖြစ် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers(ToT) သင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁**

လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers(ToT) သင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့မှု၊ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ သင်တန်းများတွင် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ToT သင်တန်းနှင့် ပုံမှန်ဆင့်ပွားသင်တန်းများအား ဆက်လက်သင်ကြား ပို့ချပေးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ToT သင်တန်း အမှတ်စဉ်(၂)တွင် (၁) Electric Power Train (၂) Electrical Power System (၃) Practical Approach to Electronics in EV (၄) Sensor and Networking Technology (၅) Automotive Material နှင့် (၆) Theory of Automobile ဘာသာရပ်များ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၄၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၅ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၅၀ | ၂၃၈၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၇ | ၂၀၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၅၀ |
| HSD (500 ppm) | ၁၉၆၁ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်သူများ စိတ်ကြည်နူးအေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်

**လွိုင်ကော် ဧပြီ ၁**

ကယားပြည်နယ်အတွင်းရှိဘုရားစေတီများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ဌာနဆိုင်ရာရုံးများ၊ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းများနှင့် အများပြည်သူအသုံးပြုသည့်နေရာများ၌ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့ မိုးကောင်းဘုရားကြီးပရိဝုဏ်အတွင်း အများပြည်သူများ စိတ်ကြည်နူးအေးချမ်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများကို စိတ်ချမ်းမြေ့စွာဖြင့် ကုသိုလ်ပြုဆောင်ရွက်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများနှင့်ပြည်သူများက ဆီမီးခုံများ၊ တန်ဆောင်းများနှင့် ဘုရားစေတီများအတွင်း သန့်ရှင်းသာယာလှပစေရန် အမှိုက်များရှင်းလင်းခြင်းတို့ဖြင့်စုပေါင်းကုသိုလ်ပြုသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က နောင်ယားကန်သာနှင့် မင်းကျောင်းကန်သာသို့သွားရောက်ပြီး ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ကန်ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ နားနေဆောင်ပြုပြင် ဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ ပုံဖော်စိုက်ပျိုးခြင်း၊ အမှိုက်များရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## တောင်ကြီးမြို့ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**တောင်ကြီး ဧပြီ ၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် တောင်ကြီးမြို့ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၄ နာရီက ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက သင်တန်းတွင်ဘောလုံး၊ တင်းနစ်၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ကြက်တောင်၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ အေရိုးဗစ်၊ ဘော်လီဘော၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ ဝူရှူး၊ ဂျူဒို၊ ခရစ်ကက် စသည့်အားကစားနည်း ၁၉ မျိုး၌ စုစုပေါင်းသင်တန်းသား ၁၄၃၀ တက်ရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် မြို့နယ် ၅၃ မြို့နယ်တွင် ယခုလိုနွေရာသီအခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီး လူငယ်လူရွယ်ပေါင်း ၁၂၈၅၀ ကို အားကစားအခြေခံများသင်ကြားပေးနိုင်ခဲ့ကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဆိုသည့် မြင့်မားသောရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်မှချမှတ်ဆောင်ရွက်လျက်ရှိသည့် အားကစားနှင့် ပညာရေးပေါင်းစပ်သော အဓိကအစီအမံတစ်ရပ်ကိုဖော်ဆောင် ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။

၎င်းနောက် သင်တန်းသား သင်တန်းသူများက အားကစားနည်းအလိုက် သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို ကျောင်းသူအင်အား ၅၀၀ နှင့် ယိမ်းအကအဖွဲ့အပါအဝင် စုစုပေါင်းအင်အား ၉၀၀ ကျော်ဖြင့် ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၁**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် အကြိုနေ့ ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ကျောင်းသူအင်အား ၅၀၀ နှင့် အခြားယိမ်းအကအဖွဲ့အပါအဝင် စုစုပေါင်းအင်အား ၉၀၀ ကျော်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

### ယိမ်းအက

"ဖွင့်ပွဲကတော့ ကျောင်းသူလေးတွေရော၊ နောက် ယိမ်းအကအဖွဲ့တွေရောပေါ့၊ ကျောင်းသူ ၅၀၀ နဲ့အကအဖွဲ့တွေ စုစုပေါင်း အင်အား ၉၀၀နဲ့ ဖွင့်ဖို့စီစဉ်ထားပါတယ်။ နောက်ပိုင်း အခမ်းအနားအစီအစဉ်တိုင်း ဆက်လက်ပြုလုပ်သွားမှာပါ။ ဖွင့်ပွဲနေ့မှာသီချင်းနှစ်ပုဒ်နဲ့အတူ ကျောင်းသူလေးတွေပါတဲ့ ယိမ်းအကအဖွဲ့တွေက ကပြဖျော်ဖြေသွားမှာပါ။ သီချင်းတွေကတော့ "ချမ်းအေးစေသည့်မန္တလေးသင်္ကြန်"နဲ့ "မန်းတောင်ရိပ်ခို"သီချင်းတွေပဲဖြစ်ပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောကြားသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို အကြိုနေ့(ဧပြီ ၁၃ရက်) ညနေ၅နာရီခွဲတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်) ညနေ၆နာရီတွင် ပြုလုပ်သွားမည်ဖြစ်သည်။

### လမ်းလျှောက်သင်္ကြန်

မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ကျုံးတောင်ဘက်ခြမ်း (၂၆လမ်း၊ ၆၆လမ်းမှ ၇၈လမ်းအထိ)တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ်ကြီး ခြောက်ခုကိုလည်းကောင်း၊ ကျုံးအရှေ့ဘက်ခြမ်း (၆၆လမ်း၊ ၁၉လမ်းမှ ၂၆လမ်းအထိ)တွင် မဏ္ဍပ်ကြီး လေးခုကိုလည်းကောင်း ထည့်သွင်းကျင်းပရန်စီစဉ်ထားပြီး နိုင်ငံတော်အဆိုတော်များနှင့် သရုပ်ဆောင်များက ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကာ ကျုံးအနောက်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်း နှင့်အရှေ့ဘက်ခြမ်းတို့တွင်လည်း ပြည်သူများ မဏ္ဍပ်ဆောက်လုပ်နိုင်ရန်နှင့် ရေပက်ကစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

### မြို့မတူရိယာ

ယင်းအပြင် မန္တလေးမြို့တွင်း ၇၃လမ်း၊ သဇင်လမ်းမှ ငုရွှေဝါလမ်းအထိကို လမ်းလျှောက်သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ရာ လောင်းလှေများ၊ ရေပိုက်များ၊ ခြင်းလုံးများ၊ ရောင်စုံထီးများဖြင့် အလှဆင်ဆောင်ရွက်သွားမည့်အပြင် ရေကစားမဏ္ဍပ်အသေးများလည်းဆောက် လုပ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးဈေးချိုတော်နာရီစင်အနီးတွင်လည်း မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့်တွဲဖက်၍ ဈေးချိုသူ ရေကစားမဏ္ဍပ်ကိုလည်းကောင်း၊ သိပ္ပံလမ်း (၁၀၁) လမ်းပေါ်တွင် အလျား ၁၄၄ပေ၊ အနံပေ ၅၀၊ အမြင့် ၇ ပေရှိ ရေကစားမဏ္ဍပ်ကိုလည်းကောင်း ဆောက်လုပ်ပြီး နိုင်ငံကျော်သရုပ်ဆောင်၊ အဆိုတော်များကဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



## မင်းလှမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**အထက်မင်းလှ ဧပြီ ၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများအား ဖွဲ့စည်းပေးထားသည့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအလိုက် စုပေါင်း၍ဆောင်ရွက်ကြရန်၊ သင်္ကြန်မဏ္ဍပ်တည်ဆောက်ရေး၊ ရပ်ကွက်အသီးသီးမှ အကအလှယိမ်းအဖွဲ့များဖြင့် ကပြဖျော်ဖြေနိုင်ရေး၊ ရေကစားကြရန်၊ ရေရရှိရေး၊ စတုဒိသာကျွေးမွေးရေး၊ နှစ်ဆန်း(၁)ရက်နေ့တွင် ပရိတ်တရားနာယူရန်နှင့် သက်ကြီးပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ ဖျော်ဖြေရေး၊ ဧည့်ခံကျွေးမွေးရေး၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအသီးသီးဖွဲ့စည်းပြီး ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပြီး အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ဆွေးနွေးခဲ့ကြရာ ဆွေးနွေးချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ

ကိုဌေး (ကနောင်)

၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးမှသည် (၁၉၇၇ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။) ယခု ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့်ပြိုင်ပွဲအထိဆိုလျှင် ၃၂ ကြိမ် တိုင်ခဲ့ပြီဖြစ်သည်။ ၁၉၆၃ ခုနှစ် (ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း တောင်မြောက် စစ်ပွဲများကြောင့် မကျင်းပဖြစ်ခဲ့ပါ) မှလွဲ၍ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများက ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံကျင်းပခဲ့ပြီး မြန်မာနိုင်ငံသည်ပင်လျှင် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် သုံးကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဗီယက်နမ်နိုင်ငံ၌ ၂၀၂၁ ခုနှစ်တွင် ကျင်းပရန်ဖြစ်သော်လည်း ဗီယက်နမ်နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြိုင်ပွဲရက်ကို ၂၀၂၂ ခုနှစ် မေလသို့ ပြောင်းရွှေ့ကျင်းပခဲ့ရသည်။ ထိုကဲ့သို့သော အခြေအနေအရ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ တစ်နှစ်ခန့်သာခြား၍ ကျင်းပခဲ့ရခြင်းဖြစ်သည်။



(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို(လက်ရည်စမ်း)လက်ဝှေ့ပြိုင်ပွဲကျင်းပစဉ်။

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အောင်မြင်မှုအခြေအနေ

ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံတော်အတွက် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခု ရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုအနေဖြင့်လည်း အဆင့် ခုနစ်နေရာတွင်ပင် ရပ်တည်နိုင်ခဲ့သည်။

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၇ ရက်နေ့အထိကျင်းပမည့် ပြိုင်ပွဲကြီးတွင် အိမ်ရှင်နိုင်ငံအနေဖြင့် အားကစားနည်း ၃၆ နည်း ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၁၉ နည်းကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဗိုဗီနမ် (အားနစ်၊ Kun Bokator အပါအဝင်)၊ ပိုက်ကျော်ခြင်း (ခြင်းလုံးအပါအဝင်)၊ ဘိလိယက်/စနူကာ၊ ဝူရှူး၊ ရိုးရာလှေ၊ ပီတန်း၊ ဂျူဒို၊ Kun Khmer (ရိုးရာလက်ဝှေ့)၊ စစ်တုရင်၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ကြက်တောင်၊ E-Sports၊ ဘောလုံး(ကျား/မ)၊ ဘော်လီဘော(ကျား/မ)၊ အလေးမ၊ ခရစ်ကတ်၊ တင်းနစ်အားကစားနည်းများဖြစ်သည်။

## ပြိုင်ပွဲကျင်းပမည့်မြို့များ

ပြိုင်ပွဲများကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌သာ အားကစားနည်းအများစု ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၉ နည်းအနက် ဖနောင်ပင်မြို့တွင် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ စစ်တုရင်၊ ခရစ်ကတ်၊ E-Sports၊ ဘောလုံး၊ ဂျူဒို၊ ဗိုဗီနမ် (အားနစ်နှင့် Kun Bokator အပါအဝင်)၊ ပီတန်း၊ ပိုက်ကျော်ခြင်း(ခြင်းလုံး အပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Kun Khmer (ရိုးရာလက်ဝှေ့) စသည့် အားကစားနည်း ၁၇ နည်း ကျင်းပမည်ဖြစ်သည်။ ကမ်ပိုမြို့၌ ရိုးရာလှေအားကစားနည်းနှင့် ဆီရမ်ရိမြို့၌ ပြေးခုန်ပစ်အားကစားနည်းမှ (မာရသွန်နှင့် ၂၀ ကီလိုမီတာလမ်းလျှောက်) Events တို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ပြိုင်ပွဲအောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်ဆောင်ရွက်မှု

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်မှုကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) တွင် ပြေးခုန်ပစ်၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း (ခြင်းလုံးအပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ် (အားနစ်နှင့် Kun Bokator အပါအဝင်)၊ အလေးမ၊ ဝူရှူးအားကစားနည်းများမှ အုပ်ချုပ်/နည်းပြ ၇၃ ဦး၊ အားကစားသမား(ကျား) ၁၇၇ ဦး၊ (မ) ၁၂၆ ဦး ပေါင်း ၃၀၃ ဦး၊ ပူးတွဲလေ့ကျင့်သည့် အားကစားသမား ၁၇ ဦး အပါအဝင် စုစုပေါင်း ၃၉၃ ဦးဖြင့် ကြိုတင်ပြင်ဆင်စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။

ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် အသီးသီးတွင်လည်း ၂၀၂၂ ခုနှစ် မတ်လနှင့် ဇူလိုင်လတို့မှစတင်၍ ဘိလိယက်၊ ဘောလုံး(အမျိုးသမီး)၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ တင်းနစ်၊ ရိုးရာလှေ၊ ခရစ်ကတ်အားကစားနည်းများကိုလည်း အုပ်ချုပ်/နည်းပြ ၂၃ ဦး၊ ကစားသမား(ကျား) ၄၆ ဦး၊ (မ) ၆၉ ဦး ပေါင်း ၁၁၈ ဦး၊ ပူးတွဲလေ့ကျင့်သည့် အုပ်ချုပ်/နည်းပြ နှစ်ဦး၊ ကစားသမားတစ်ဦး အပါအဝင် စုစုပေါင်း ၁၄၁ ဦးဖြင့် ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

## နိုင်ငံခြားသားနည်းပြ ငှားရမ်းလေ့ကျင့်မှု

ပြိုင်ပွဲအောင်မြင်မှုရရှိရေးအတွက် အားကစားနည်းအလိုက် အောင်မြင်နေသည့် နိုင်ငံများမှ နိုင်ငံခြားသားနည်းပြများအား ငှားရမ်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ ငှားရမ်းလေ့ကျင့်ခဲ့သည့် အားကစားနည်းများမှာ တိုက်ကွမ်ဒိုအားကစားနည်းအတွက် ကိုရီးယားနိုင်ငံမှ၊ ဂျူဒိုအားကစားနည်းအတွက် ဂျပန်နိုင်ငံမှ၊ အားနစ်အားကစားနည်းအတွက် ဖိလစ်ပိုင်နိုင်ငံမှ၊ Kun Bokator အားကစားနည်းအတွက် ကမ္ဘောဒီးယားနိုင်ငံတို့မှ ငှားရမ်းလေ့ကျင့်ခဲ့ကြသည်။ အားကစားနည်းအလိုက် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ SEA Games ပြိုင်ပွဲ ပြီးဆုံးချိန်အထိ ငှားရမ်းလေ့ကျင့်ကြခြင်း ဖြစ်သည်။

## ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ဆောင်ရွက်မှု

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဘော်လီဘောအားကစားအဖွဲ့ ၃၈ ဦး၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဝူရှူးအားကစားအဖွဲ့ ၁၇ ဦး၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားအဖွဲ့ ၄၆ ဦးတို့အား စေလွှတ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဘော်လီဘောအားကစားအဖွဲ့ ၃၈ ဦး၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဝူရှူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့ အားကစားအဖွဲ့ ၆၃ ဦးတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

> ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်မှုကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် ပြေးခုန်ပစ်၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း (ခြင်းလုံးအပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ် (အားနစ်နှင့် Kun Bokator အပါအဝင်)၊ အလေးမ၊ ဝူရှူးအားကစားနည်းများမှ အုပ်ချုပ် / နည်းပြ ၇၃ ဦး၊ အားကစားသမား (ကျား) ၁၇၇ ဦး၊ (မ) ၁၂၆ ဦး ပေါင်း ၃၀၃ ဦး၊ ပူးတွဲလေ့ကျင့်သည့် အားကစားသမား ၁၇ ဦးအပါအဝင် စုစုပေါင်း ၃၉၃ ဦးဖြင့် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်လျက်ရှိ

## ပြိုင်ပွဲအတွေ့အကြုံရရှိစေရေး ပြည်ပပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်မှု

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်အသီးသီးတွင် စခန်းသွင်းလေ့ကျင့်နေစဉ်ကာလအတွင်း ပြည်ပပြိုင်ပွဲအတွေ့အကြုံ ရရှိစေရေးအတွက်လည်း ဘိလိယက်နှင့် စနူကာ အားကစားနည်းအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ နှစ်ကြိမ်၊ ပီတန်း အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ လှေလှော် အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ ပြေးခုန်ပစ် အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ တိုက်ကွမ်ဒို အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ အားနစ် အားကစားနည်းအနေဖြင့် တစ်ကြိမ် သွားရောက်ယှဉ်ပြိုင်နိုင်ရေး စေလွှတ်ပေးခဲ့သည်။

## စခန်းသွင်းအားကစားသမားများအား အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးမှု

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား နိုင်ငံတော်က သတ်မှတ်ခွင့်ပြုငွေ တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကျွေးမွေးဆောင်ရွက်လျက်ရှိသည့်အပြင် အသုံးတူပစ္စည်းများဖြစ်သည့် Track Suit၊ T-Shirt၊ Sport Shirt၊ ဘောင်းဘီတို၊ Walking Shoes များ၊ လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများနှင့် ပြိုင်ပွဲသုံးပစ္စည်းများကို ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးထားသည်။ ထို့ပြင် အုပ်ချုပ်/နည်းပြနှင့် ကစားသမားများအား လစဉ် ထောက်ပံ့ကြေးအနေဖြင့်လည်း (A)အဆင့် တစ်ဦးလျှင် ကျပ် နှစ်သိန်း၊ (B) အဆင့်တစ်ဦးလျှင် ကျပ် တစ်သိန်းခွဲ၊ (C)အဆင့် တစ်ဦးလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ထားရှိသည်။

## ပြိုင်ပွဲတွင် ပေးအပ်ချီးမြှင့်မည့် ဆုတံဆိပ်များ

ကမ္ဘောဒီးယားနိုင်ငံက ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၆ နည်းအတွက် ရွှေတံဆိပ် ၅၈၀ ကျော်ပေးအပ်မည်ဖြစ်ကြောင်း သိရပြီး မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်း ၁၉ နည်း အတွက် ရွှေတံဆိပ် ၃၃၀ ခန့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

## ပြိုင်ပွဲတွင် ဆုတံဆိပ်မျှော်မှန်းထားရှိမှု

မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်း ၁၉ နည်းမှ ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၂၉ ခု၊ ကြေးတံဆိပ် ၃၆ ခု စုစုပေါင်း ဆုတံဆိပ် ၈၂ ခု မျှော်မှန်းထားရှိကြောင်း သိရသည်။ ရွှေတံဆိပ် မျှော်မှန်းထားရှိသည့် အားကစားနည်းများမှာ ခြင်းလုံး၊ ဘိလိယက်နှင့် စနူကာ၊ ဝူရှူး၊ အားနစ်၊ ပီတန်း၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ ဂျူဒို၊ ဗိုဗီနမ်အားကစားနည်းများဖြစ်ပြီး ကျန်အားကစားနည်းများမှ ငွေနှင့် ကြေးဆုတံဆိပ်များ မျှော်မှန်းထားရှိသည်။ ပြိုင်ပွဲထုံးစံအရ ဆုတံဆိပ်ရရှိမှု အတိုး/အလျော့ရှိနိုင်သော်လည်း ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့ ◆

# စဉ့်ကူးမြို့၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

စဉ့်ကူး မေ ၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ၌ အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား စာအောင်ဆုချီးမြှင့်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စဉ့်ကူးမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဝရသာမိက ဩဝါဒရေစက်ချတရား ချီးမြှင့်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က သာသနာရေးဆိုင်ရာများ ပြောကြားထားသည်။

ဆက်လက်၍ ဆုနှင်းသဘင်အခမ်းအနားကို ကျင်းပရာ ၂၀၂၂ ခုနှစ်တွင် ကျင်းပသော အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်း အောင်မြင်သူ စာအောင်သံဃာ လေးပါးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သော်တာထွန်းနှင့် အတွင်းရေးမှူး ရဲမှူး ဇော်နီချစ်တို့က လည်းကောင်း၊ ပထမလတ်တန်း အောင်မြင်သည့် သံဃာ ၁၁ ပါးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းညွန့်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ်လဝက ဦးစိုးမှူး ဦးရွှေဝင်းတို့က လည်းကောင်း၊ အခြေပြုမူလတန်း အောင်မြင်သည့် စာအောင် သံဃာအပါး ၃၀ အား ဌာနဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း စာအောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်သည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက ပထမပြန် ကြီးကြပ်ဆရာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။



အဆိုပါအခမ်းအနားသို့ဩဝါဒါစရိယဆရာတော်ကြီးများ၊ ၂၀၂၂ ခုနှစ်တွင် အစိုးရပါဠိ ပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် စာအောင်သံဃာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မေ ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်

နေပြည်တော် မေ ၁

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့်လည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူတင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေးဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြစ်သည့် "ချမ်းပါတယ်၊ မူယာကြော့၊ နှစ်သစ်ကြိုတဲ့သင်္ကြန်၊ တစ်နှစ်နွမ်း တစ်နှစ်ဆန်း" တေးသီချင်းများဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "ချမ်းတုန်ချမ်း၊ မူယာကြော့၊ တစ်နှစ်နွမ်းတစ်နှစ်ဆန်း"တေးသီချင်းများဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "ကောင်းသောနှစ်" တေးသီချင်းဖြင့် လည်းကောင်း ရိုက်ကူးရေး ဆောင်ရွက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းစဉ်ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့်ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင် မဟာသင်္ကြန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်လျက်ရှိကြရာ နေပြည်တော်တွင် မြို့တော်ဝန်မဏ္ဍပ်အပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။




နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို မြန်မာတို့၏ ရိုးရာသင်္ကြန် ပေါ်လွင်အောင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေရန်နှင့် အဆင့်မီသော သင်္ကြန်တစ်ခုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန်၊ သနပ်ခါးသင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာ ပါဝင်သည့်အပြင် ဝန်ကြီးဌာနမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ပူးပေါင်းပါဝင်မှုဖြင့် ပြင်ဆင်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

◆ စာမျက်နှာ ၁၈ မှ

## ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်/နည်းပြ၊ အားကစားသမားအရေအတွက်

လက်ရှိအနေအထားအရ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၉ နည်းအတွက် အုပ်ချုပ်မှုအဖွဲ့၊ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြနှင့် အားကစားသမား စုစုပေါင်း ၄၆၀ ကျော် သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီး အမှန်တကယ် သွားရောက်ယှဉ်ပြိုင်သည့်အခါ အင်အားအနည်းငယ် အတိုး/အလျှော့ ရှိနိုင်သည်။ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့်အခါ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ အုပ်ချုပ်မှုအဖွဲ့၊ ဆေးအဖွဲ့၊ မီဒီယာအဖွဲ့များ ပါရှိမည်ဖြစ်သည့်အတွက် ခန့်မှန်းအင်အား ၄၆၀ နှင့် ၄၇၀ ကြား ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

## ဆုတံဆိပ်ရရှိသည့် အားကစားသမားများအား ချီးမြှင့်ထောက်ပံ့မည့်အခြေအနေ

ပြီးခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများအား နိုင်ငံတော်အနေဖြင့် တစ်ဦးချင်းပြိုင်ပွဲများအတွက် ရွှေတံဆိပ် ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ် ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများအတွက် ရွှေအသင်းလိုက် တစ်ဦးချင်း ကျပ်သိန်း ၁၀၀၊ ငွေအသင်းလိုက် တစ်ဦးချင်း ကျပ်သိန်း ၇၀၊ ကြေးအသင်းလိုက်တစ်ဦးချင်း ၃၅ သိန်း ပေးအပ်ချီးမြှင့်ခဲ့ပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင်လည်း အောင်မြင်မှုရရှိသည့် အားကစားသမားများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ငွေများ ထောက်ပံ့ချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းအားပေးကြပါစို့

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတော်က လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအနေဖြင့်လည်း စခန်းဝင်လေ့ကျင့်နေကြသည့် ကစားသမားများအား မပြတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်မှန်သမျှ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ အားပေးစကားပြောခြင်း၊ ကျန်းမာရေးအထူးဂရုပြုရေးနှင့် အားကစားနည်းအလိုက် အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စိတ်ဓာတ်မြှင့်တင် အသိပညာပေးဆွေးနွေးမှုများ မကြာခဏပြုလုပ်လျက် ရှိသည့်အပြင် အားကစားသမားများအနေဖြင့်လည်း စိတ်ဓာတ်ရေးရာအရ လေ့ကျင့်မှုအခြေအနေအရ၊ စည်းကမ်းကောင်းမွန်မှုအခြေအနေအရ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား စိတ်ဓာတ်မြှင့်မားတက်ကြွစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းအားပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဝတ္ထုတို




## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)

(၁)

"ဘာပြောတယ်။ မိနှင်း ပြန်ပြောစမ်း။ နင့်စကားကို ပြန်ပြောလိုက်စမ်း"

အမေ့၏ ဒေါသတကြီး အော်သံကြောင့် မိနှင်းအသားတွေပင် တဆတ်ဆတ် တုန်ကာလန့်သွားမိသည်။ စိတ်မထင်ရင် နီးရာနှင့် ကောက်ပေါက်တတ်သည့် အမေ့ဒေါသကို သိပေမယ့် မိနှင်း အရဲစွန့်ပြီး ပြောမိသည်။ အမေ့၏ မျက်နှာကိုကြည့်ပြီး မိနှင်းကြောက်လာမိသည်။ မျက်ရည်တွေကလည်း အတားအဆီးမဲ့ကျလာတော့သည်။

"ပြောလေ မိနှင်း"

အမေ့ အော်သံကြောင့် မိနှင်းပြောရမည့် စကားလေးတွေပင် ပြောမထွက်ရဲတော့ပေ။ အမေ မေးနေတာကို ပြန်ပြောဖို့ စကားက မရဲတော့ချေ။

"ဟို ဟို လေ မိနှင်း မိနှင်း ဒီနှစ် ဒီနှစ်"

ကြောက်စိတ်ကို အားတင်းရင်း အရဲစွန့်၍ မျက်စိကို စုံမှိတ်ကာ ပြောချလိုက်တော့သည်။

"ဒီနှစ်သင်္ကြန် မိနှင်းလေ ကျောင်းအကထဲမှာ ပါပါရစေ အမေ"

"ဘာပြောတယ်။ မိနှင်း ကျောင်းအကမှာ နင်ပါချင်တယ် ဟုတ်လား။ ပြန်ပြောလိုက်စမ်း"

"ဟုတ်တယ် အမေရယ်။ ဒီနှစ်တော့ သမီးပါပါရစေနော်"

"တော်စမ်းပါ မိနှင်းရယ်။ စိတ်ကူးယဉ်မနေနဲ့။ သင်္ကြန်မှာ ဈေးရောင်းရမယ်ဆိုတာ နင်မသိဘူးလား။

ဒီအခါတွင်းလေးပဲ ဈေးရောင်းကောင်းတာ။ ကြံပန်းခိုင်ဖောက်သည် ယူမယ့် ဒေါ်မြကိုလည်း ငါပြောပြီးပြီ။ နင်တို့မောင်နှမနှစ်ယောက် ဈေးရောင်းဖို့ပဲ စဉ်းစား။ စိတ်ကူးယဉ်မနေနဲ့ ကဖို့"

မိနှင်း၏ မျှော်လင့်ချက်လေး မဖြစ်နိုင်တော့။ ဒီနှစ် မိနှင်း ခုနစ်တန်းဖြေထားတာဖြစ်သည်။ မိနှင်းတို့ ရပ်ကွက် အလယ်တန်းကျောင်းက နှစ်စဉ် အကပြိုင်ပွဲဝင်နေကျမို့ မိနှင်းလည်း ပါချင်မိသည်။ နွေကျောင်းပိတ်ရက် ဈေးလိုက်ရောင်းရင်း ညနေပိုင်း အမေမသိအောင် ကျောင်းမှာ အကသွားတိုက်ထားပြီမို့ ဝါသနာက တားမရတော့ပေ။ ခုတော့ သင်္ကြန်မှာ ဒီနှစ်လည်း မိနှင်းဈေးရောင်းရမယ်ဆိုတော့ မိနှင်းမျှော်လင့်ချက်လေး ပျက်ရပြီ။

(၂)

အက မကရတော့၍ ငိုနေသော အစ်မဖြစ်သူကိုကြည့်၍ အောင်နိုင် စိတ်မကောင်းဖြစ်နေမိသည်။ အောင်နိုင် ခြောက်တန်းကျောင်းသား။ အစ်မနှင့်အတူနွေရာသီရောက်တိုင်း အိမ်စားစရိတ်ရအောင် ဈေးရောင်းရသည်။ ရေခဲချောင်း၊ ဖရဲသီးစိတ်၊ ကြံပန်းခိုင် ရာသီစာ အကုန်လိုက်ရောင်းရသည်။ နေ့တိုင်းရောင်းနေပေမယ့် ပွဲတော်ရက်အတွင်း ရောင်းရတာက အမြတ်နှစ်ဆ၊ သုံးဆမြတ်၍ အမေမက်မောသလို အောင်နိုင်လည်း မက်မောသည်။

ဒီနှစ်က အမေလိုက်မရောင်းနိုင်။ အငယ်ဆုံးညီမလေးက တစ်နှစ်အရွယ်လေးမို့ အိမ်မှာပဲ နားနေရသည်။ အဖေက ညီမလေး ကိုယ်ဝန်ငါးလအရွယ်မှာ ရုတ်တရက် ဆုံးပါးသွား၍ သူတို့ မိသားစု စားဝတ်နေရေး ပိုခက်ခဲခဲ့သည်။ သူတို့ နှစ်ယောက်မွေးပြီး အတော်ကြာမှ ညီမလေး ကိုယ်ဝန်ရခဲ့တာမို့ သူတို့မောင်နှမ နှစ်ယောက်နှင့် အသက်အတော်ကွာသွားသည်။

ခုတော့ အကဝါသနာရှူး အစ်မ။ အက မကရ၍ ငိုနေတာကြည့်ပြီး သူ စိတ်မကောင်းဖြစ်မိသည်။ အစ်မဆန္ဒကို ဖြည့်ဆည်းပေးဖို့ သူဘယ်လိုကူညီရမလဲ တွေးရင်း မျက်နှာလေးဝင်းလက်သွားမိသည်။ အစ်မကို အိမ်အပြင်သို့ ခေါ်လာခဲ့ပြီး သူ့အကြံအစည်ကို ပြောပြလိုက်သည်။

"ဖြစ်ပါ့မလား အောင်နိုင်ရယ်။ အမေ သိရင် မလွယ်ဘူးနော်။ နင် နင် အဆင် မပြေလောက်ဘူးနော်"

"အစ်မရယ်။ ဖြစ်ပါတယ်။ ငါ့ကို ယုံစမ်းပါ။ ဈေးရောင်းရတာ ကျွမ်းနေပါပြီဗျာ။ နှစ်ယောက်စာယူလိုက်မယ်။ အစ်မက သွားကပေါ့။ ကျွန်တော်ရောင်းမယ်။ ရောင်းကောင်းပါတယ်ဗျာ"

"တကယ်နော်။ အောင်နိုင် တကယ်နော်"

အပျော်တွေလွန်နေ၍ မိနှင်း ဝမ်းသာမျက်ရည်တွေကျနေမိသည်။ သူ့ဝါသနာအတွက် မောင်လေး အောင်နိုင် ပင်ပန်းမှာကိုလည်း မလိုလား။ စိတ်ကဇဝေဇဝါ ဖြစ်နေတော့သည်။

"နင် ပင်ပန်းမှာ အောင်နိုင်ရယ်။ ငါ ငါ မကတော့ပါဘူးဟာ"

" ဟာ အစ်မကလည်း သွားကစမ်းပါ။ အကပြီး အားတဲ့အချိန်ရောင်းကူရနေတာ ပဲဗျာ။ ကျွန်တော်လည်း အစ်မကတာ တအားကြည့်ချင်တာဗျ။ ကိုယ့်အစ်မ သင်္ကြန်အက ပါတယ်ဆိုပြီး ဈေးရောင်းတဲ့ သူတွေကိုကြွားချင်တယ်ဗျာ။ အမေက အိမ်မှာနေမှာ မသိလောက်ပါဘူးဗျာ"

အောင်နိုင်ကိုယ်တိုင် အားပေးနေပြီမို့ မိနှင်း အရဲစွန့်၍ ကဖို့ ဆုံးဖြတ်လိုက်သည်။ ရင်ခုန်သံတွေကမြန်နေ၍ စိတ်လှုပ်ရှားနေမိသည်။ ငါးတန်းနှစ်ကတည်းက ပါချင်နေသော သင်္ကြန်အကလေး ဒီနှစ်မှာ ပါရပြီမို့ အတိုင်းမသိပျော်ရွှင်နေမိသည်။ အကရှူး၊ သင်္ကြန်ရူးမို့ အားသည့်အချိန်တိုင်း ကနိုင်လွန်း၍ အမေကပင် မျက်မုန်းကျိုးနေပြီ။ မောင်လေးတော့ သူ့အတွက် ပင်တိုင်လက်ခုပ်တီး အားပေးသူမို့ ပရိသတ်ရှိနေ၍ အားတိုင်း ကနေသူဖြစ်သည်။ ခုတော့ သင်္ကြန်ဝတ်စုံလေးဖြင့် မဏ္ဍပ်တွေပေါ်မှာ ကရတော့မည်မို့ ပျော်ရွှင်မှုက ဘာနှင့်မှ မလဲနိုင်တော့ပေ။

(၃)

မနက်ဖြန်ဆို သင်္ကြန်အကြိုနေ့။ အမေ မသိအောင် အကသွားတိုက်သည်။ ဝတ်စုံကိုလည်း ဆရာမနားပဲ အပ်ထားလိုက်သည်။ သူငယ်ချင်းတွေကိုလည်း သေချာပြောပြထား၍ နှုတ်လုံမှုကြောင့် အမေမရိပ်မိခဲ့ပေ။ နေ့တိုင်းဈေးသွားရောင်းသည်။ ညတိုင်း အကသွားတိုက်သည်။ အကြောင်းအမျိုးမျိုးပြ၍ မောင်နှမနှစ်ယောက် ညပိုင်းအပြင်သွားသည်။ ဗီဒီယိုရုံသွားမည်။ သူငယ်ချင်းတွေနှင့် သွားဆော့မည်။ အမျိုးမျိုး အကြောင်းပြ၍ သွားသည်။ အမေကတော့ ဈေးရောင်းရသမျှ မောင်နှမနှစ်ယောက် အကုန်အပ်ပြီးမှ သွားတာမို့ ဘာမှမပြောချေ။ နေ့တိုင်းသွားနေ၍သာ တစ်ခါတစ်ရံမှသာ မေးသည်။

"ဟဲ့ နင်တို့ နေ့တိုင်း ဗီဒီယိုရုံသွားနေနော်"

"ဟာ အမေကလည်း တစ်နေကုန် ဈေးရောင်းရတာ။ ညပိုင်းလေးတော့ အပန်းဖြေ သွားကြည့်ပါရစေဗျာ။ သင်္ကြန်နီးတော့ သင်္ကြန်ဇာတ်လမ်းလေးတွေ ကြည့်ချင်လို့ဗျာ"

"ဟုတ်ပါတယ် အမေရယ်။ မိနှင်းတို့ ဝါသနာပါတာ သိသားနဲ့"

အကြောင်းပြချက် ခိုင်မာနေတော့ အမေက ဘာမှ မပြောတော့ပေ။ မောင်နှမနှစ်ယောက် အပြေးလာရင်း အစ်မတို့ အကတိုက်တာကို ထိုင်ကြည့်သည်။ ပြီးရင် အတူတူပြန်လာတာမို့ မနက်ဖြန် အကြိုနေ့ ရောက်မည်မဟုတ်ပါလား။ မိနှင်း အပျော်တွေလွန်၍ တစ်ညလုံး အိပ်ပျော်မည်မထင်ပေ။ ခုတော့ မိနှင်း၏ ဆန္ဒလေး ပြည့်ဝတော့မည် ဖြစ်သည်။

(၄)

အကြိုနေ့

ဖွင့်ပွဲတွင် ရင်ခုန်သံနှင့်အတူ မိနှင်း စိတ်လှုပ်ရှားနေမိသည်။ လူတွေက တိုးမပေါက်အောင် စည်ကားလှသည်။ ကြံပန်းခိုင်တွေကိုလည်း နှစ်ယောက်စာ အများကြီးယူခဲ့၍ မောင်လေး အောင်နိုင်ကတော့ ကြိုးစားပြီး ရောင်းနေသည်။ ဈေးရောင်းရင်း ဝတ်စုံလှလှလေးနှင့် အစ်မကိုကြည့်ပြီး ပျော်နေမိသည်။ မိနှင်းလည်း သူ့မောင်လေးကို ကြည့်၍ ဝမ်းနည်း၊ ဝမ်းသာမျက်ရည်များကျနေတော့သည်။ ဖွင့်ပွဲပြီးတာနှင့် မိနှင်းတို့က မဏ္ဍပ်တိုင်းကို လိုက်ဖျော်ဖြေရသည်။ သူတို့ပြိုင်ရမယ့် နေ့က အကြတ်နေ့မို့ ကျန်ရက်များက တခြားမဏ္ဍပ်တွေမှာ ဖျော်ဖြေရသည်။

ယှဉ်ပြိုင်ရသည်။ စင်ပေါ်မှာ ဝါသနာကို ချပြရပြီမို့ မိနှင်း အစွမ်းကုန် ကိုယ့်ဝါသနာကို ချပြတော့သည်။ အကကောင်းသည့် မိနှင်းကို ရှေ့ဆုံးမှာထားသည်။ တပင်တိုင်အကအတွက်လည်း မိနှင်းက ကရ၍ ဆုငွေများရတော့ မိနှင်းပျော်နေမိသည်။

ဗဟိုမဏ္ဍပ်ကြီးမှာ မိနှင်းတို့ အဖွဲ့ ယှဉ်ပြိုင်တော့ အကမှာ တကယ်လှကြ၍ အားပေးသူ အလွန်များကြသည်။ အားလုံးကလည်း ပထမရမည်ဟု ထင်ကြေးပေးနေကြ၍ သူတို့အဖွဲ့ အားလုံးပျော်နေကြလေသည်။ အောင်နိုင်ကလည်း ဈေးကို ကြိုးစားရောင်း၍ ပုံမှန်အချိန်တိုင်း ရောင်းကုန်၍ မောင်နှမ နှစ်ယောက် ပျော်နေကြတော့သည်။ အမေ့ကို ရောင်းရသမျှ အကုန်အပ်သည်။ ဆုငွေရသည့် ပိုက်ဆံပါထည့်ပေး၍ အမေကတော့ အိမ်အတွက် လိုအပ်တာလေးတွေ ဝယ်ရင်း ပျော်နေတော့သည်။

မနက်ဖြန် ဆုပေးပွဲမို့ မိနှင်း ရင်ခုန်နေသလို အောင်နိုင်လည်း ရင်ခုန်မိသည်။

"အစ်မတို့ ပထမရမှာ တအားလှတယ်ဗျာ။ ညီလည်း ညီတယ်။ အားလုံးကလည်း အားပေးကြတာ ပျော်စရာကြီး"

"ရရင်ကောင်းတာပေါ့ဟယ်။ ငါပါတဲ့ နှစ် ငါတို့ကျောင်းက ပထမရရင် ငါ့အတွက် ဂုဏ်ယူစရာကောင်းသလို အမှတ်တရလည်း ဖြစ်တာပေါ့ဟာ"

"ရမှာပါဗျာ ။ကျွန်တော်ထင်ပြီးသား"

အပျော်တွေနှင့်ရင်ခုန်စိတ်လှုပ်ရှားနေတာမို့ မိနှင်း မနက်ဖြန်ကိုသာ အမြန်ရောက်ချင်နေမိသည်။

(၅)

"ဘယ်လို ဒေါ်လှ ကျွန်မသမီးက သင်္ကြန်အကမှာပါတယ်။ ဟုတ်လား"

"အမှန်ပဲ မခင်တင့်ရယ် ။ လှချက်အေ ညည်း သမီးလေး။ တပင်တိုင်လည်း ကရ တယ်အေ့"

"မဖြစ်နိုင်တာ ဒေါ်လှရယ်။ သူတို့ ဈေးရောင်းနေတာပါ။ အက မပါပါဘူး။ ဒေါ်လှ လူမှားတာနေမှာပါ"

"အမလေးအေ။ မိနှင်းမှ မိနှင်းပါအေ။ မှားစရာလား။ ဒီည ဆုပေးပွဲအေ။ ညည်း သွားကြည့်ပေါ့။ မိနှင်း ဟုတ်လား မဟုတ်လားဆိုတာကို။"

ဒေါ်လှစကားကြောင့် မခင်တင့် ဇဝေဇဝါဖြစ်ကာ ဆုပေးပွဲသွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သမီးလေးကို ကျောပိုး၍ ဗဟိုမဏ္ဍပ်သို့ ထွက်လာခဲ့သည်။ သင်္ကြန်နောက်ဆုံးရက်မို့ လူတွေက တိုးမပေါက်ပေ။ သမီးလေး မိနှင်းကို ကြည့်ချင်၍လည်း လူအုပ်ကြီးကို အတင်းတိုး၍ မဏ္ဍပ်နားရောက်အောင် တိုးမိသည်။ ကလေးကိုအကြောင်းပြပြီး အားလုံးက ဖယ်ပေးကြ၍ ရှေ့သို့ ရောက်လာခဲ့သည်။

သူရောက်သည့်အချိန် ဆုကြေညာနေပြီမို့ အားလုံးက စိတ်လှုပ်ရှားနေကြသည်။ ယိမ်းသမလေးတွေနဲ့ ဘေးတိုက်မို့ အားလုံးကိုတော့မမြင်ရ။ သမီးမိနှင်းကိုသာ အသည်းအသန်ရှာနေမိသည်။

"ကြံပန်းခိုင်ရမယ်။ ကြံပန်းခိုင်"

လူအုပ်ကြားထဲ သားဖြစ်သူကို တွေ့တော့ လှမ်းအော်ပေမယ့်မကြားချေ။ တီးလုံးသံတွေနှင့် ဆူညံနေ၍ လက်လျှော့လိုက်ရသည်။ ဆုတွေကတော့ ဆက်တိုက်ကြေညာနေသည်။ ဆုကြီးတွေ ကြေညာတော့ အောင်နိုင် သူ့အနားရောက်လာ၍ လှမ်းခေါ်ထားလိုက်သည်။

သူဘာမှ မပြောသေးဘဲ သူ့အစ်မကို အပြစ်မတင်ရန် အမျိုးမျိုးတောင်းပန်နေတော့ မခင်တင့် စိတ်မကောင်းဖြစ်စွာ မျက်ရည်တွေကျမိသည်။ အကြောင်းစုံကို သိရတော့ သမီးလေး၏ ဝါသနာပိုးအတွက် စိတ်မကောင်းဖြစ်မိသည်။ မပြည့်စုံသည့် သူတို့ဘဝကြောင့် အရာရာချိုးနှိမ်ရသည့် အဖြစ်ကိုတွေးရင်း ဝမ်းနည်းစွာ မျက်ရည်ကျနေမိသည်။ သူ့အစ်မအတွက် အနစ်နာခံ အပင်ပန်းခံကာ ဈေးရောင်းပေးသည့်သားလေးကို ရင်ခွင်ထဲထည့်ရင်း ရှိုက်ငိုရင်း ဝမ်းနည်းနေခိုက်

"ယိမ်းအက ပထမဆုကိုရရှိတဲ့အဖွဲ့ကတော့ အမှတ်(၁၂) အလယ်တန်းကျောင်းက "ပိတောက်ရွှေဝါ" ယိမ်းအဖွဲ့ ဖြစ်ပါတယ်ရှင်"

ကြေညာသံအဆုံးမှာ လက်ခုပ်သံတွေ မြိုင်သွားတော့သည်။ သားဖြစ်သူ ခုန်ပေါက်လိုက်၍ ကျန်နေသည့် ကြံပန်းခိုင်လေး သုံးခိုင်နှင့် ဗန်းကြီးလွတ်ကျသွားတော့သည်။

"အမေရေ အစ်မတို့ အဖွဲ့ ပထမရတာဗျ။ ပထမရတာ"

မခင်တင့်လည်း အပျော်တွေလွန်ပြီး သမီးအတွက် ဂုဏ်ယူနေမိသည်။ ဆုရသည့် အဖွဲ့တွေ ပြန်လည်ကပြရတော့ နတ်သမီးလေးလို ကကြိုးညီစွာ ကပြနေသည့် သမီးမိနှင်းကို ကြည့်၍ မခင်တင့် တစ်ယောက် လက်ခုပ်လက်ဝါးတီး၍ အားပေးနေတော့သည်။ ကျောပေါ်မှ တစ်နှစ်အရွယ် သမီးလေးပင် လန့်ငိုသည်အထိ အသံတွေ ကျယ်လောင်သွားတော့သည်။

ဝါသနာဗီဇသည်တားလို့မရသလိုပေ။ အချိန်တန် စင်ပေါ်ရောက်ရင်လည်း အောင်ပွဲခံခဲ့ပြီမို့ သမီးအတွက် ဂုဏ်ယူနေသလို။ အစ်မအတွက် ဖြည့်ဆည်း အနစ်နာခံတတ်သည့် သားငယ်လေး၏ မောင်နှမမေတ္တာ တရားလေးအတွက်လည်း ဝမ်းသာကြည်နူးရပြီမို့ သားသမီးတွေအတွက် ဂုဏ်ယူနေမိတော့သည်။

မိနှင်းကတော့ အခက်အခဲတွေကြားမှ သူပါဝင်ဆင်နွှဲခွင့်ရသည့် အကပြိုင်ပွဲလေးမှာ ပထမဆုရခဲ့တာမို့ အတိုင်းမသိပျော်ရွှင်နေမိသည်။ လှလှပပလေး ကပြနေသည့် သူတို့အဖွဲ့ကို အားပေးနေကြသည့် ပရိသတ်တွေကြားထဲမှာ သူ့အမေပါတာများသိရင် မိနှင်း၏ အပျော်လေးက အတိုင်းအဆမရှိ ပျော်ရွှင်နေမှာဟု ထင်မိပါတော့သည်။ ။

ဆောင်းပါး

# မြင့်မြတ်စိတ်ထား နှလုံးသား အလှုပိုင်ရှင်များ

ဇင်မင်းစိုး (ဗိုလ်ကလေး)

ကျွန်တော်တို့ မြန်မာလူမျိုးများသည် စိတ်နှလုံးသား နူးညံ့သိမ်မွေ့ကြသူများ ဖြစ်လေသည်။ သူတစ်ပါးကို တတ်နိုင်သလောက် ကူညီတတ်ကြသည်။ မြန်မာဓလေ့ ထုံးတမ်းစဉ်လာများတွင်လည်း လဲနေသူကို ထူပေးခြင်းက မြန်မာတို့၏ အငွေ့အသက် ပြယုဂ်တစ်ခုအဖြစ် ဥပမာ စံပြဖြစ်လေသည်။

အားကြီးသူသည် အားငယ်သူကို စာနာသနားညှာတာရမည်၊ ငွေကြေးပြည့်စုံသူက ငွေကြေးချို့တဲ့သူကို ဖေးမ ကူညီရမည်၊ အနိုင်ကျင့်ဗိုလ်ကျခြင်း မပြုရ၊ မမျှမတ ပြုမူဆောင်ရွက်ခြင်းမပြုရဟူ၍ လူမှုကျင့်ဝတ်သဘောတရားများကို လက်ခံကျင့်သုံးနေကြသည်ဖြစ်ရာ မြန်မာတို့၏ ချစ်ဖွယ်စိတ်ထား နှလုံးသား ရိုးသားဖြူစင်မှုကို ရှင်းလင်းစွာ တွေ့မြင်နိုင်လေသည်။

နွေရာသီ ပူပြင်းခြောက်သွေ့သော အချိန်များတွင် အေးမြမှုကိုခံစားနိုင်စေရန် လမ်းဆုံလမ်းခွများတွင် ဇရပ်များဆောက်လုပ်လှူဒါန်းခြင်း၊ ရေအိုးရေချမ်းစင်များထားရှိခြင်းနှင့် အချို့နေရာများတွင် ဆာလောင်မှုကို ပြေပျောက်စေရန် အစားအသောက်များ ထားရှိပေးခြင်းကဲ့သို့သော မြင်ကွင်းများသည် ကမ္ဘာတွင် မြန်မာတစ်နိုင်ငံတည်းသာ တွေ့မြင်ရသော မြင်ကွင်းများဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်နေစဉ်ကာလအတွင်း မြန်မာနိုင်ငံသားအချင်းချင်း ကူညီရိုင်းပင်းကြမှုများသည်လည်း စိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ် ကောင်းလှပါသည်။ ငွေကြေးတတ်နိုင်သူများက တစ်နိုင်တစ်ပိုင် လက်လုပ်လက်စား အိမ်ထောင်စုများကို ငွေကြေးထောက်ပံ့လှူဒါန်းခြင်း၊ အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ပဲမျိုးစုံတို့ကို သေချာစွာ ထုပ်ပိုး၍ လိုက်လံလှူဒါန်းကြသည့် မြင်ကွင်းများသည် မြင်ရသူများအဖို့ မျက်ရည်လည်ရသည်အထိပင် ကြည်နူးချမ်းမြေ့ရလေသည်။ အားငယ်နေသူများအဖို့ အားတက်ရသည်။ ဘဝအတွက် အောင်မြင်မှုခွန်အားများကို ပြန်လည်မွေးမြူရှင်သန်နိုင်ခဲ့လေသည်။

အချို့နေရာများတွင် ငွေကြေးချို့တဲ့သူများ အဆာပြေစားသောက်နိုင်စေရန် Food-Box ကဲ့သို့သော အစားအသောက် လှူဒါန်းမှုစနစ်မျိုးကို တီထွင်၍ လူငယ် လူရွယ်များက ကူညီလှူဒါန်းကြသည်ကိုလည်း သာဓုခေါ်ဖွယ် တွေ့မြင်ရလေသည်။

ဆင်းရဲနွမ်းပါးသူများကို လှူဒါန်းရာတွင် တန်းစီစနစ်ဖြင့် လှူဒါန်းလျှင် ရှက်ကြောက်ကြမည်စိုးသဖြင့် ကုန်ပစ္စည်းများကို ဈေးအဆမတန် လျှော့၍ ကြက်ဥတစ်လုံး ငါးကျပ်၊ ဆန်တစ်ပြည် ၁၀၀ ကျပ် စသည်ဖြင့် လှူဒါန်းကြသည့် လှူဒါန်းမှုပုံစံများသည်လည်း နွမ်းပါးသူများဘက်မှ ခံစားနားလည်၍ ကူညီဖေးမ လှူဒါန်းကြသည့် လှူဒါန်းမှုပုံစံအသစ်များဖြစ်ကြလေသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားဖြင့် ခံစားနားလည်ပေး၍ စီစဉ်ဆောင်ရွက်ကြသူများဖြစ်သောကြောင့် မြင့်မြတ်စိတ်ထား နှလုံးသား အလှုပိုင်ရှင်များဟု ခေါ်ဆိုထိုက်ပေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ကျပ်တည်းနေသော ယခုလို အချိန်အခါ၌ ၅၀၀ ကျပ်တန် ထမင်းဆိုင်များ နေရာဒေသအနှံ့အပြားတွင် ဖွင့်လှစ်ပေါ်ပေါက်လာခြင်းကြောင့် လူအများ၏ လူမှုစီးပွားအခြေအနေကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်ပြီး ဆင်းရဲနွမ်းပါးသူများအတွက် များစွာ အကျိုးရှိလေသည်။ နတ်လူသာဓု ခေါ်ဆိုထိုက်သည့် မြင့်မြတ်သည့် လုပ်ဆောင်ချက်များပင် ဖြစ်ပါသည်။

မြန်မာတို့၏ အလှူများတွင် အယုတ် အလတ် အမြတ်မရွေး လှူဒါန်းမှုသည် ရှေးဘိုးဘွား အစဉ်အဆက်ထဲကပင် ဖြစ်လေသည်။ ဆာလောင်နေသူကို ဝလင်စွာ ကျွေးမွေးရသည့် အလှူဒါနကုသိုလ်တရားသည် သံသရာအဆက်ဆက် ကောင်းကျိုးချမ်းသာ သုခကို ခံစားရသည်ဟု လက်ခံယုံကြည်ကြလေသည်။

ငွေ ၅၀၀ ကျပ်ဖြင့် ဝလင်စွာ စားသောက်နိုင်သဖြင့် လက်လုပ်လက်စား အလုပ်သမားများ၊ အနေးယာဉ်လုပ်သားများနှင့် အခြေခံလူတန်းစားများ အတွက် များစွာအဆင်ပြေချောမွေ့လေသည်။ အဆိုပါထမင်းဆိုင်များ ရေရှည်ရပ်တည်နိုင်ရေး အတွက် စားသောက်ကုန် ရောင်းချသူများက အမြတ်မယူဘဲ မူရင်းဈေးအတိုင်း ရောင်းချပေးမည်၊ လှူဒါန်းပေးမည်ဟု ထပ်မံကြားသိရသဖြင့် သာဓုခေါ်ဆိုကြသည်ကိုလည်း ကြည်နူးစွာ တွေ့မြင်ရလေသည်။ မြန်မာတို့၏ ကူညီရိုင်းပင်းမှုများသည် ကမ္ဘာတွင် စံပြနမူနာအဖြစ် ကျော်ကြားလျက်ရှိလေသည်။

ထို့အပြင် ပရဟိတသမားများနှင့် သဘာဝဘေး ကယ်ဆယ်ကြသူများ၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများသည်လည်း ချီးကျူးလေးစားဖွယ် ကောင်းသည့် ပုဂ္ဂိုလ်များစာရင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း အသက်အန္တရာယ်ကို မမှုဘဲ ကူညီကယ်ဆယ်ခဲ့ကြသည့် ပရဟိတလူငယ်များ၊ အသင်းအဖွဲ့များ၊ ကြက်ခြေနီ မောင်မယ်များနှင့် ဆရာဝန်၊ သူနာပြုများ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် မြန်မာပြည်သူတို့၏ သူရဲကောင်းများအဖြစ် နှလုံးသားကမ္ပည်း မှတ်တိုင်တွင် တစ်သက်တာ ရေးထွင်းထားခဲ့ပြီး ဖြစ်လေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းကြီး တစ်လှိုင်းပြီး တစ်လှိုင်း ဖြတ်သန်းချိန်တွင်လည်း စေတနာ၊ ကရုဏာထား၍ ပြုစုကုသပေးရင်း ကြွေလွင့်သွားကြသည့် လူပုဂ္ဂိုလ်များအတွက်လည်း ထာဝရသူရဲကောင်းများအဖြစ် သမိုင်းတွင် ကျန်ရစ်ခဲ့ပြီဖြစ်ကာ ဖြူစင်သော နှလုံးသားပိုင်ရှင်များအဖြစ် သတ်မှတ်ခဲ့ကြလေသည်။

အခြားသဘာဝဘေးများဖြစ်သော ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေးများတွင်လည်း ကူညီကယ်ဆယ်ခဲ့ကြသည့် ပရဟိတလူငယ်များ၏ လုပ်ဆောင်ချက်များသည် မွန်မြတ်သန့်စင်လှသဖြင့် မြင့်မြတ်သော လူသားများပင် ဖြစ်လေသည်။

ခွေး၊ ကြောင်လေးများကို ဂေဟာဖွင့်လှစ်၍ ထိန်းသိမ်းစောင့်ရှောက်သူများ၊ မိဘမဲ့ကလေးသူငယ်များ၊ သက်ကြီးရွယ်အို အဘိုး အဘွားများအား ရိပ်သာဖွင့်လှစ်၍ ပြုစုစောင့်ရှောက်သူများသည်လည်း ပရဟိတသူရဲကောင်းများပင် ဖြစ်လေသည်။

သူတစ်ပါး မလုပ်ဆောင်နိုင်သည့် အလုပ်များကို လုပ်ဆောင်ပါက အာဇာနည်ဟု သတ်မှတ်ပါလျှင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များကို အာဇာနည်သူရဲကောင်းများဟု သတ်မှတ်ကမ္ပည်း ရေးထိုးကြရမည်ဖြစ်လေသည်။

လူ့လောက လူဘဝတိုတိုတွင် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခြင်းဖြင့် လောကကို အလှဆင်နိုင်သလို နောင်သံသရာဘဝအတွက်လည်း အလှဆင်ပြီး ဖြစ်ပါသည်။

"မသေချာသော လူ့ဘဝတွင် သေချာတာ တစ်ခုက သေရမည် အမှန်ဖြစ်သည်" ဟူသော နိယာမတရားအရ မိမိ၏စိတ်ထားနှလုံးသားကို ဖြူစင်အောင် သန့်ရှင်းပေးနေကြရလေသည်။ လောဘ၊ ဒေါသ၊ မောဟကဲ့သို့သော အမိုက်မှောင်အညစ်အကြေးတို့ မစွန်းထင်းစေရန် ဂရုပြုကာကွယ်ကြရမည် ဖြစ်ပါသည်။

"ဩော့သည်"

တစ်နေကွယ် သေနယ်သို့ တစ်ခါကူး

မေ့လျော့ကာ သေဘူးမထင်ပါနဲ့

နေကွယ်တာ အချိန်များရင်ဖြင့်

သေနယ်ရွာ တစ်ကြိမ်သွားရမယ်

တားမရဘူး ... ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမစာအတိုင်း နောင်သံသရာကို ရှေးရှုကာ မိမိကိုယ်ကိုယ် ကောင်းမွန်အောင် ပြုကျင့်၍ လူ့ဘဝတိုတိုတွင် ဖြူစင်စိတ်ထား မြင့်မြတ်သော နှလုံးသားပိုင်ရှင်များဖြစ်စေရေး ကြိုးစားအားထုတ်ဆောင်ရွက်ကြပါရန် ရေးသားတိုက်တွန်းတင်ပြလိုက်ရပါတော့သည်။ ။

---

## ကျေးလက်သင်္ကြန်

❖ ဥသြငှက်လေး လွမ်းတေးသီ
တူးပို့တေးသံစည်၊
မိဿရာသီ တန်ခူးလ
အတာသင်္ကြန်ကျ။

❖ ကံ့ကော်ပန်းလှ ကြိုင်လှိုင်စွာ
ငုပန်းခိုင်ရွှေဝါ၊
ဖူးပွင့်ဝေဆာ ရနံ့သင်း
ပိတောက်ရွှေအဆင်း။

❖ အခါတွင်းကျ နိဗ္ဗာန်ရည်
ကျောင်းကန်ဘုရားဆီ၊
သီလဆောက်တည် မေတ္တာပွား
ရှုမှတ်မြတ်တရား။

❖ လှပျိုဖြူများ နေရီရီ
ရွာဦးကျောင်းတော်ဆီ၊
ရေအိုးကိုယ်စီ ရွက်ကာထား
ရေလှူဖို့ရန်သွား။

❖ မုန့်လုံးစားလို့ အိုးမည်းခွေ
ကျီစယ်နောက်ပြောင်နေ၊
အတာရေနှင့် ဖျန်းကာပက်
ရွှေးရိုးရာမပျက်။

❖ အုန်းလက်မဏ္ဍပ် ထိုးလို့ကွယ်
နွားလှည်းနှင့်လျှောက်လည်၊
လူငယ်မောင်မယ် တူတကွ
ရေလောင်းရေပက်ကြ။

❖ ဒုလ္လဘဝတ် တရားရှာ
သင်္ကြန်ခါတွင်းမှာ၊
မိဘဆရာ ကန်တော့ကြ
သက်ကြီးပူဇော်ကြ။

❖ ကျေးလက်ရွာက သင်္ကြန်တွင်
သရုပ်ပျက်ကင်းစင်၊
ယဉ်ကျေးစွာပင် ရေကစား
မောင်နှမစိတ်ထား။ ။

အောင်ကျော်ဦး(ပန်းသခင်)

---

## လှပသာယာ တို့တောရွာ

✪ တို့တောရွာ ဌာနေက
သာလေစွ မိတ်ဆွေ။
ပတ်ဝန်းကျင် နယ်အဝှမ်း
အေးချမ်းလှပေ။
မို့မောက်သည့် တောင်တန်းတွေ
ပတ်ခွေကာ အလှထူး။
စိမ်းစိမ်းစို တောအုပ်ကြားဝယ်
ငှက်များကမြူး။

✪ တောပန်းတွေ အတူခူးလို့
ကြည်နူးဖွယ် တို့တောရွာ။
စုံလင်ပေ ပန်းအပေါင်းတို့
ခညောင်းဝေဆာ။
ညနေစောင်း အချိန်ခါ
ပန်းမာလာ ရနံ့သင်း။
ဆွတ်ပျံ့ကြူ ကြည်ရွှင်အေးလို့
မွှေးပျံ့လေခြင်း။

✪ တို့တောရွာ ညအခင်း
လမင်းက ဝင်းလက်ထင်။
လူကြီးတွေ ရပ်ရွာရေးအား
ဆွေးနွေးလျက်ပင်။
လူငယ်တို့ တလင်းပြင်
ပြုံးပျော်ရွှင် ဆော့ကစား။
လှရိပ်သွယ် တောဓလေ့နဲ့
ချမ်းမြေ့ဖွယ်သား။ ။

ခင်မောင်မြင့်

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁

သဘာဝဂေဟအရင်းအမြစ်များ ကြွယ်ဝပြီး ခရီးသွားများနှစ်သက်သည့် ဒေသတစ်ခုဖြစ်သော ပြင်ဦးလွင်မြို့၏ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် သက်ဆိုင်ရာဌာနများက ဘက်စုံကဏ္ဍစုံမှ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်အဖြစ် ထိန်းသိမ်းနိုင်ရန် ပန်းမန်သုတေသန ရလဒ်ကောင်းများဖြင့် အထောက်အပံ့ပြုနိုင်ရေး ကြိုးပမ်းရန်လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

ယမန်နေ့ နံနက်ပိုင်းက ဂဲလောင်းချောင်း ရေလမ်းကြောင်းတူးဖော်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပန်းစိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးမြေနေရာ ကျဉ်းကျဉ်းဖြင့် ဝင်ငွေများများရနိုင်သည့်အတွက် လုပ်ကွက်ငယ်လယ်သမားခြံသမားများအတွက် များစွာအကျိုးရှိသည့် သီးနှံဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့၏ အသက်သွေးကြောဖြစ်သည့် ဂဲလောင်းချောင်းရေ အရည်အသွေးကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်များ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် ဒေသနေပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကန်တော်လေးရေလှောင်တမံ ရေပိုလွှဲအရှည် တိုးချဲ့ရေယာတည်ဆောက်ခြင်းလုပ်ငန်း၊ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနနှင့် ပြင်ဦးလွင် ကော်ဖီဥယျာဉ်၊ ဒိုးကွင်ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်ခွမျိုးများ၊ ပျိုးပင်ပေါက်များ ထုတ်လုပ်ဆောင်ရွက်နေမှုနှင့် မိတ္ထီလာမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးအသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်း)၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ VDP စီမံကိန်းကျေးရွာများကို စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံပွဲ ကျင်းပ



နမ့်စန် မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေများဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၂၀ မှ ကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာများအား လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ ကျေးရွာ ၂၀ ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ မြေသားတင်သဲဖြူန်းခင်းခြင်းလုပ်ငန်း ကိုးခု၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ခုနစ်ခု၊ မူကြိုကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်း တစ်ခုနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း အခု ၂၀ ကို ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀၀၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၂၉ ဒသမ ၀၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများ လွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

**၂၂၂**

# AFF Futsal Cup ပြိုင်ပွဲ မေလတွင်ကျင်းပမည်

ရန်ကုန် မေ ၁

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် AFF Futsal Cup ပြိုင်ပွဲကို မေလတွင်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲဖြစ်သည့် AFF Futsal Cup ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်အတွင်း ပထမဆုံးကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို မေ ၁ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံများမှ ဖူဆယ်ကလပ်အသင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပပြီးစီးခဲ့သည့် MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ပထမဆုံးယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ VUC အသင်းသည် ယခင်က အာရှဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲသာ ယှဉ်ပြိုင်ဖူးပြီး အာဆီယံပြိုင်ပွဲတွင် ပထမဆုံး ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

AFF Futsal Cup ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာကလပ်အသင်းများမှာ ၂၀၁၅ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများအနက် MIU အသင်းသည် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်တို့တွင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယင်းလေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။ ၂၀၁၇ ပြိုင်ပွဲတွင် မြန်မာကလပ် PU အသင်း ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ၂၀၂၀ နှင့် ၂၀၂၂ ပြိုင်ပွဲတွင် မြန်မာကလပ်များ ယှဉ်ပြိုင်ခြင်းမရှိဘဲ ၂၀၂၃ ခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ကိုညီလေး**

**❍ မန်စီးတီးအသင်းမှ**

အခုပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ လီဗာပူးအသင်းက ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် မန်စီးတီးအသင်းက ၂၇ မိနစ်မှာ အယ်လ်ဗာရက်ဇ်၊ ၄၆ မိနစ်မှာ ဒီဘရိုင်း၊ ၅၃ မိနစ်မှာ ဂန်ဒိုဂန်နဲ့ ၇၄ မိနစ်မှာ ဂရီယယ်လစ်ရှ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့လို့ မန်စီးတီးအသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းတိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပြိုင်ပွဲအရပ်ရပ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေမှာ မန်စီးတီးအသင်းဘက်ကို သွင်းယူနိုင်ခဲ့တဲ့သွင်းဂိုး ၁၁ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၈ ပွဲကစားပြီးချိန်မှာ ရမှတ် ၆၄ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းက လိဒ်စ်ယူနိုက်အသင်းနဲ့ ပွဲစဉ် ယှဉ်ပြိုင်မကစားမီမှာ ရမှတ် ၆၉ မှတ်အထိ စုဆောင်းထားနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## အနုပညာ

# BTS အဖွဲ့ဝင်ဂျေဟုတ် စစ်မှုထမ်းဆောင်တော့မည်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျေဟုတ်ဟာ မကြာမီ စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာပါတယ်။ ဂျေဟုတ်အနေနဲ့ စစ်သားတစ်ဦးအဖြစ် ဧပြီလလယ်ပိုင်းလောက်မှာ တာဝန်ထမ်းဆောင်မှာဖြစ်ကြောင်း စွန်ပီဒွေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျေဟုတ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီ ဘစ်ဟစ်မြူးဇစ်က စစ်မှုထမ်းဆောင်မယ့်သတင်းကို တရားဝင်ထုတ်ပြန်ခဲ့တာပါ။ သူ စစ်မှုစတင်ထမ်းဆောင်မယ့်နေ့နဲ့ နေရာအတိအကျကိုတော့ လုံခြုံရေးအတွက် ထုတ်ဖော်ပြောကြားမှာမဟုတ်ဘူးလို့ အေဂျင်စီက ဆိုပါတယ်။ စစ်မှုစတင်ထမ်းဆောင်မယ့်နေ့မှာ မိသားစုတွေနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတွေကတော့ ဂျေဟုတ်ကို လာရောက်နှုတ်ဆက်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဂျေဟုတ်ဟာ အဖွဲ့ဝင်တွေအနက် ဒုတိယမြောက် စစ်မှုထမ်းဆောင်တဲ့ အဖွဲ့ဝင်ဖြစ်လာမှာပါ။

# ပွဲဦးထွက် တစ်ကိုယ်တော်တေးသီချင်းနဲ့ အောင်မြင်မှုတွေရရှိနေတဲ့ ဂျီဆိုး



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ Blackpink အဖွဲ့ဝင် ဂျီဆိုးဟာ လတ်တလောမှာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ အယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးသီချင်းဟာ လတ်တလောမှာ ကြည့်ရှုသူများပြားခဲ့ပြီး ဂျီဆိုးအတွက် စံချိန်သစ် ယူဆောင်ပေးနိုင်ကြောင်း စွန်ပီဒွေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၁ ရက်မှာ ဂျီဆိုးက သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ် Me ကို စတင်ထုတ်လွှင့်ခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးသီချင်း Flower ကိုလည်း တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ရာမှာတော့ အဆိုပါတေးဗီဒီယိုကို ကြည့်ရှုသူ အလွန်များပြားခဲ့ပါတယ်။ ယင်းတေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်း ယူကျုကနေတစ်ဆင့် ကြည့်ရှုသူ သန်း ၄၀ ကျော်ခဲ့ပါတယ်။ ဒါဟာ ယခုနှစ်အတွင်း ထုတ်လွှင့်ခဲ့သမျှသော ကေပေါ့ပ်တေးဗီဒီယိုတွေအနက် ၂၄ နာရီအတွင်း ကြည့်ရှုသူ အများဆုံး တေးဗီဒီယိုအဖြစ် စံချိန်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၉) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် ထီပေါက်စဉ် ၂၀၂၃ ခုနှစ် ဧပြီ လ (၁) ရက်နေ့**

*အစမ်းထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဃ - ၅၉၉၇၁၅

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဂ - ၅၈၈၉၁၈

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

င - ၄၄၉၄၆၉ စ - ၈၁၁၃၉၃

ဆ - ၈၄၁၈၃၁

ကံထူးရှင်(၃)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

က - ၁၉၄၇၇၆ စ - ၆၅၃၀၇၃

ခ - ၂၈၇၉၁၁ စ - ၈၀၆၂၅၉

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

က - ၁၃၀၉၇၁ ဃ - ၅၃၉၉၄၁ ဃ - ၈၂၁၄၈၅

င - ၂၂၀၆၀၀ ဂ - ၆၃၉၈၈၈ က - ၈၄၄၈၂၆

ခ - ၃၁၇၃၅၁

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ခ - ၁၀၉၅၄၂ ဂ - ၃၇၄၃၀၆

ဆ - ၂၄၆၀၀၉ ဃ - ၅၁၆၁၇၆

ခ - ၂၉၅၉၁၄ ဂ - ၅၄၈၇၅၆

စ - ၃၃၄၆၈၅ ဆ - ၆၇၈၀၄၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀)ဆု (၁)ဆု

င - ၆၅၈၇၃၈

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

စ - ၁၆၅၉၆၃ စ - ၇၀၂၀၉၈

ဃ - ၁၉၀၁၈၀ စ - ၇၂၃၀၂၃

င - ၁၉၃၈၇၃ င - ၇၅၅၆၉၂

ခ - ၂၉၇၄၁၇ က - ၇၆၇၈၇၇

င - ၃၆၅၅၇၂ ဃ - ၇၇၀၃၅၂

ဃ - ၆၃၉၉၉၆ ဂ - ၈၀၆၇၄၄

ဆ - ၆၆၁၁၇၆ ဃ - ၈၉၇၉၅၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၂၀)ဆု (၁)ဆု

ဃ - ၄၈၅၁၇၄

ကံထူးရှင်(၁၅)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ခ - ၁၁၉၀၃၃ က - ၃၃၁၃၅၅ င - ၅၈၀၉၁၄

င - ၁၈၀၇၉၈ ဆ - ၄၇၃၀၇၆ ဃ - ၆၁၅၅၄၅

င - ၁၉၁၃၄၅ က - ၅၃၁၆၆၉ င - ၇၄၆၁၂၄

က - ၂၆၆၅၁၃ ဃ - ၅၆၆၂၂၀ ဆ - ၇၉၄၂၉၀

ခ - ၂၇၆၃၃၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် (၁၀)သိန်းဆု (၁)ဆု

ခ - ၂၆၆၀၇၈

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဂ - ၁၄၇၂၂

ခ - ၃၀၈၉၁

က - ၃၈၁၀၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဃ - ၁၄၄၂

င - ၂၄၉၂

ဂ - ၃၀၆၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်

ဂ - ၃၁၅ ဂ - ၇၇၉

ခ - ၅၁၀ က - ၉၁၅

ဃ - ၅၁၆ ဆ - ၉၈၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၃)ယူနစ်

င - ၂၅၂ ဆ - ၂၆၆ ခ - ၅၇၁

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၇၈၀၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၂)ယူနစ်

င - ၂၃ င - ၄၀

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၁၇၈၀၆)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၁)ယူနစ်

ဂ - ၅

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၉၂၀၆၃)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

က - ၄၃၇၀၀၈ ဂ - ၄၄၂၉၃၄ ဃ - ၆၇၆၂၆၉

ကံထူးရှင်(၃)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅)ယူနစ်

ဃ - ၁၆၄၆၄ ဃ - ၂၈၁၇၁ စ - ၉၄၂၃၃

င - ၂၃၈၆၉ ခ - ၃၈၆၈၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁)ယူနစ်

င - ၄၄၁၅

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁)ယူနစ်

င - ၆၃၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

၁။ ၂၀၂၃ ခုနှစ်၊ ဧပြီ လ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄၉) ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ (၁၁၉၂၁၀)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၁၉၂၁၀)ဦး ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ မေ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ်(၅၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဆ) အက္ခရာထိ အက္ခရာ (၇)လုံး ဖြစ်ပါသည်။

၃။ (၄၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၃-၄-၂၀၂၃ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၇-၄-၂၀၂၃ ) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ပြည်တွင်းစီးပွားရေး တိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလို...**

❖ **ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# အင်ဒိုနီးရှားနိုင်ငံမှ စားသုံးဆီများ တင်ဆောင်လာသော ဗီယက်နမ်နိုင်ငံပိုင် M/T TRACY စားသုံးဆီတင်သင်္ဘောကြီး ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံတွင် သင်္ကြန်ကာလအတွင်း စားသုံးသူပြည်သူများ စားသုံးဆီများ ဖူလုံမှုရှိစေရန်အတွက် အင်ဒိုနီးရှားနိုင်ငံမှ စားသုံးဆီများ တင်ဆောင်လာသော ဗီယက်နမ်နိုင်ငံပိုင် M/T TRACY စားသုံးဆီတင်သင်္ဘောကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ မြန်မာနိုင်ငံဂရုဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ဆီတင်သင်္ဘောကြီး ရန်ကုန်မြို့သို့ ရောက်ရှိလာမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက "စားသုံးဆီဖူလုံအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒီနေ့ ဆီသင်္ဘောတစ်စင်း ရောက်တယ်။ စားသုံးဆီတွေရောက်ရင် MITS ရယ်၊ စားသုံးသူရေးရာရယ်၊ ကျွန်တော်တို့ ဆီအသင်းရယ် အခြား ပူးပေါင်းအဖွဲ့တွေလာပြီးတော့ ဒီစားသုံးဆီဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီတွေ ဟုတ်၊ မဟုတ်၊ စားသုံးဆီ အရည်အသွေး သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုရှိ၊ မရှိတွေကို တိုင်းတာစစ်ဆေးတယ်၊ တိုင်းတာစစ်ဆေးပြီးတော့မှ ဆီကန်တွေထဲ စနစ်တကျထည့်တယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



M/T TRACY စားသုံးဆီတင်သင်္ဘောကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ မြန်မာနိုင်ငံဂရုဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။

# မန်စီးတီးအသင်းက လီဗာပူးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရ



မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ မေ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းက လီဗာပူးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းကို မန်စီးတီးအသင်း ဆက်လက် ဖိအားပေးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**



**(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ**

ဆောင်းပါး စာမျက်နှာ » ၁၈